
**AMERICAN HUMANE မွေးမြူရေးခြံ အစီအစဉ်**

## တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများ

# အသားစား ကြက်များ



AMERICAN HUMANE
FIRST TO SERVE



# မာတိကာ


နိဒါန်း 2

AMERICAN HUMANE CERTIFIED™
အဓိပ္ပာယ်ဖွင့်ဆိုချက် စာရင်း 3

အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်း လုပ်ငန်းစဉ် 6

အလိုအလျောက် ကျရှုံးမှုများ 8

မွေးမြူရေးခြံဆိုင်ရာ လမ်းညွှန်ချက်များ 10

သယ်ယူပို့ဆောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ 25

ကြက်သတ်လုပ်ငန်းစဉ် လမ်းညွှန်ချက်များ 28

ရည်ညွှန်းချက်များ 38



**WWW.HUMANEHEARTLAND.COM**

အသားစားကြက်များအတွက် American Humane Certified™
တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများ



©2024 American Humane - မူပိုင်ခွင့်ကို ပိုင်ဆိုင်ထားသည်

# နိဒါန်း

**အစီအစဉ်သည်
အောက်ပါသဘောတရားများအပေါ်
အခြေခံထားသည်-**

- တိရစ္ဆာန်အကောင်ရေ အများအပြားအတွက် တတ်နိုင်သမျှ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ပေးစွမ်းနိုင်ရန် မြှင့်တင်ခြင်း။
- သိပ္ပံနည်းကျ အသိပညာနှင့် ကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက်များသည် ကျွန်ုပ်တို့၏စံချိန်စံညွှန်းများကို တိုက်တွန်းလှုံ့ဆော်ကြောင်း သေချာစေခြင်း။
- သီးခြားလွတ်လပ်သော ပြင်ပအဖွဲ့အစည်းမှ စိစစ်အတည်ပြုခြင်းဖြင့် အကောင်းဆုံး ပြုစုစောင့်ရှောက်ရေးနှင့် လုပ်ငန်းနယ်ပယ်စံချိန်စံညွှန်းများထက် သာလွန်ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ မွေးမြူရေးလုပ်ကိုင်သူများ၏ ကတိကဝတ်ကို ပြသခြင်း။
- ဈေးကွက်တွင် American Humane Certified™ ထုတ်ကုန်များကို အခြားထုတ်ကုန်များမှ ကွဲပြားမှုရှိစေခြင်း။

American Humane မွေးမြူရေးခြံ အစီအစဉ် (American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများ) သည် မွေးမြူရေးတိရစ္ဆာန်များကို ပြုစုစောင့်ရှောက်ရာတွင် နှစ်ပေါင်း 140 ကျော်ကြာ လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံမှ ပေါ်ထွက်လာသော အစီအစဉ်တစ်ခု ဖြစ်သည်။ 1877 ခုနှစ် စတင်တည်ထောင်ချိန်မှစ၍ American Humane တွင် ၎င်း၏သမိုင်းတစ်လျှောက် မွေးမြူရေးတိရစ္ဆာန်များကို လူသားဆန်စွာ ပြုစုစောင့်ရှောက်ခဲ့သည့် ရှည်လျားသော သမိုင်းကြောင်း ရှိပါသည်။ လုပ်ငန်းသုံး တိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များကို ရွှေ့ပြောင်းသယ်ဆောင်ရာတွင် ကိုင်တွယ်ဆောင်ရွက်မှုနည်းလမ်း ပိုမိုကောင်းမွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် American Humane သည် 28 နာရီ သယ်ယူပို့ဆောင်ရေးဥပဒေအား အတည်ပြုပြဋ္ဌာန်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ခြင်း အပါအဝင် တိရစ္ဆာန်များအား ပိုမိုကောင်းစွာပြုစုစောင့်ရှောက်နိုင်ခဲ့သော အဓိကတိုးတက်မှုအားလုံးနီးပါးတွင် ပါဝင်ခဲ့သည်။ 1916 ခုနှစ်တွင် အမေရိကန် စစ်အတွင်းဝန်က ပထမကမ္ဘာစစ်ဖြစ်ပွားရာ စစ်မြေပြင်များရှိ မြင်းများနှင့် အခြားတိရစ္ဆာန်များကို ကူညီကယ်တင်ပေးရန် American Humane ကို တောင်းဆိုခဲ့သည်။ ထို့အတွက် ဆောင်ရွက်ခဲ့သော အစီအစဉ်သည် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်များကြုံတွေ့နေရသော တိရစ္ဆာန်များကို ကယ်တင်ရန်နှင့် ခိုလှုံခွင့်ပေးရန် ယနေ့တိုင် ဆက်လက်လုပ်ဆောင်နေသည့် American Humane ကယ်ဆယ်ရေးအစီအစဉ် ဖြစ်လာခဲ့သည်။

ထိုသမိုင်းကြောင်းအရ American Humane သည် မွေးမြူရေးတိရစ္ဆာန် ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှုအစီအစဉ်ကို ပထမဆုံး ဖန်တီးမည်မှာ သဘာဝကျပါသည်။ 2000 ခုနှစ်တွင် American Humane သည် အစားအစာအတွက် အသုံးပြုသော တိရစ္ဆာန်များကို ညှဉ်းပန်းရာမရောက်သော ဆက်ဆံခြင်းအား တိုက်တွန်းအားပေး၍ ပံ့ပိုးကူညီရန် အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံး ပြင်ပအဖွဲ့အစည်း စစ်ဆေးမှုနှင့် အသိအမှတ်ပြုလက်မှတ်ပေးခြင်း အစီအစဉ်ကို စတင်ခဲ့သည်။

အစီအစဉ်ကို အမြဲထောက်ကူပေးသည်မှာ သိပ္ပံပညာနှင့် အထောက်အထားအခြေပြု စံချိန်စံညွှန်းများ၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် စိစစ်အတည်ပြုခြင်းဆိုင်ရာ စံတန်ဖိုးများဖြစ်သည်။

တည်ရှိကျင့်သုံးဆဲ စာရွက်စာတမ်းဖြစ်သည့် စစ်ဆေးမှုဆိုင်ရာ စံချိန်စံညွှန်းများကို American Humane သိပ္ပံနည်းကျ အကြံပေးကော်မတီက ပုံမှန်သုံးသပ်၍ မွမ်းမံပြင်ဆင်လျက်ရှိသည်။ နိုင်ငံတကာမှ ကျော်ကြားသော တိရစ္ဆာန်သိပ္ပံပညာရှင်များနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ ပါဝင်သော ဤကော်မတီသည် American Humane Certified™ အစီအစဉ်တွင် လက်ရှိအနေအထားနှင့်ကိုက်ညီသည့် အကောင်းဆုံးသော လူသားဆန်ဆန် ဆောင်ရွက်ချက်များကို ပေါင်းစပ်ထည့်သွင်းထားကြောင်း သေချာစေရန် သိပ္ပံနယ်ပယ်သစ်များကို တိုးချဲ့ကာ စံချိန်စံညွှန်းများကို ပုံမှန်အကဲဖြတ်ပါသည်။

# AMERICAN HUMANE CERTIFIED™

# အဓိပ္ပာယ်ဖွင့်ဆိုချက် စာရင်း

| | |
|---|---|
| **ကုမ္ပဏီ၏ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒ** | တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို အားပေးသည့် ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန် ကုမ္ပဏီ၏ ကတိကဝတ်ကို အလေးပေးခြင်း။ |
| **"လုံးဝသည်းခံခြင်းမရှိ" မူဝါဒ** | အသားစားကြက်များအား ကန်ကျောက်ခြင်း၊ ပစ်ချခြင်း၊ အော်ဟစ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ခြောက်လှန့်ခြင်းနှင့် အခြားညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များကို လုံးဝသည်းခံမည်မဟုတ်ဘဲ ကုမ္ပဏီ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ဤလုပ်ရပ်များသည် အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် အကြောင်းပြချက်များဖြစ်သည်ဟု ဖော်ပြထားသည့် မူဝါဒ။ |
| **တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ** | တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒများကို အကောင်အထည်ဖော်ကြောင်း စိစစ်ရန်နှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများအား တိရစ္ဆာန်များအတွက် ဖြည့်ဆည်းပေးကြောင်း သေချာစေရေးအတွက် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်။ |
| **ဝန်ထမ်းကျင့်ဝတ်စည်းကမ်း** | ဝန်ထမ်းအားလုံးအနေဖြင့် အသားစားကြက်များကို ကောင်းမွန်စွာနှင့် သနားကြင်နာစွာ ကိုင်တွယ်ရန် မျှော်လင့်ကြောင်း၊ အလုပ်သမားတစ်ဦးချင်းစီသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို လိုက်နာရာတွင် ပါဝင်ကူညီရန် တာဝန်ရှိပြီး ထိုသို့ပါဝင်ကူညီကြမည်ဟု မျှော်လင့်ကြောင်း၊ အသားစားကြက်များအတွက် အခြေခံလိုအပ်ချက်များ (အစာ၊ ရေ၊ အလင်းရောင်၊ လေဝင်လေထွက်စနစ်၊ အပူချိန် ထိန်းချုပ်မှု၊ ဇီဝလုံခြုံရေး) ကို အမြဲတမ်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်းနှင့် ဤအခြေခံလိုအပ်ချက်များမှ တစ်ခုခု လစ်ဟင်းနေပါက ကြီးကြပ်ရေးမှူးထံ အကြောင်းကြားရမည်ကို အလုပ်သမားတစ်ဦးချင်းစီမှ သိရှိထားရမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းအားလုံးသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ဖြစ်စဉ်အစီရင်ခံစာ သို့မဟုတ် အလားတူကုမ္ပဏီစာရွက်စာတမ်းနှင့်ပတ်သက်၍ လေ့ကျင့်မှုရရှိထားပြီး ၎င်းကို ရယူကြည့်ရှုခွင့်ရှိကြောင်း ဖော်ပြထားသည့် မူဝါဒ။ |
| **မီးဘေး ကြိုတင်ကာကွယ်ရေး အစီအစဉ်** | အရေးပေါ် ဆက်သွယ်ရန် အချက်အလက်နှင့် ဖုန်းနံပါတ်များ၊ ဝန်ထမ်းအားလုံးအတွက် မီးဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (ဥပမာ- မီးသတ်ဆေးဘူး အသုံးပြုနည်း)၊ မီးလောင်လွယ်သည့် ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရန်နှင့် နေရာချထားရန် အစီအစဉ်၊ မီးလောင်လွယ်သော ပစ္စည်းများကို မီးလောင်စေသည့် ပင်မရင်းမြစ်များနှင့် ဝေးရာတွင် ထားရှိရန် အစီအစဉ်၊ ဆေးလိပ်မသောက်ရ မူဝါဒ၊ လျှပ်စစ်စနစ်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း အစီအစဉ်၊ လျှပ်စစ်ပန်နယ်များ၊ မော်တာများ သို့မဟုတ် အခြားအန္တရာယ်ရှိသောပစ္စည်းများတွင် ဖုန်မှုန့်များ စုပုံနိုင်ခြေကို စောင့်ကြည့်ထိန်းချုပ်ရန် အစီအစဉ်၊ လေဝင်လေထွက် ပန်ကာများနှင့် အပူပေးစက်များကို ပုံမှန်သန့်ရှင်းရန် အစီအစဉ်တို့ ပါဝင်သည့် စာဖြင့်ရေးသားထားသော အစီအစဉ်။ |

**ကြက်ပေါက်**

7 ရက်သား နှင့်အောက် အရွယ်ရှိသော အသားစားကြက်။

**"သတင်းပေးသူ" မူဝါဒ**

တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ပြဿနာများကို သတင်းပေးသည့် ဝန်ထမ်းများကို အကာအကွယ်ပေးသော မူဝါဒ။

**အရေးပေါ် တုံ့ပြန်မှု အစီအစဉ်**

အရေးပေါ် ဆက်သွယ်ရန် အချက်အလက်နှင့် နံပါတ်များ၊ တာဝန်ရှိသော မွေးမြူရေးခြံအလုပ်သမား အနည်းဆုံး သုံးဦးအတွက် အဓိကဆက်သွယ်ရန်နံပါတ်များနှင့် အခြားဆက်သွယ်ရန်နံပါတ်များအပြင် လိုအပ်ပါက တာဝန်ရှိသူအားလုံးကို ဆက်သွယ်နိုင်ကြောင်း သေချာစေရန် "အဆင့်ဆင့် ဆက်သွယ်ရန် ဖုန်းနံပါတ်စာရင်း" တစ်ခု၊ တိရစ္ဆာန်များ၏ ကောင်းကျိုးချမ်းသာကို ကာကွယ်ရန်အတွက် အရေးပေါ်အခြေအနေများကို ရင်ဆိုင်ဖြေရှင်းရန် အရေးပေါ်အစီအစဉ်များနှင့် ကြိုတင်ကာကွယ်မှုများ၊ မီးလောင်မှု၊ ရေကြီးမှု၊ မုန်တိုင်း သို့မဟုတ် အခြားဆိုးရွားသောရာသီဥတု၊ ဓာတ်အားပြတ်တောက်မှု သို့မဟုတ် ရေပြတ်တောက်မှုစသည်တို့ကဲ့သို့ အရေးပေါ်အခြေအနေကို ကြုံတွေ့ရသူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ပါဝင်သည့် စာဖြင့်ရေးသားထားသော အစီအစဉ်။

**မီးအလင်းပေးခြင်း အစီအစဉ်**

တပ်ဆင်နေကျ သို့မဟုတ် ရောင်ပြေးမဟုတ်သည့် မီးအလင်းပေးစနစ်များအတွက်- အဆောက်အအုံ မျက်နှာကြက်တွင် လျှပ်စစ်မီးများ တပ်ဆင်ပြီး မီးအားနှင့် အရောင် တစ်ညီတစ်ညာတည်း အလင်းပေးထားရမည်။ ကြီးထွားမှုကာလတစ်လျှောက်လုံးမှ ထိုကာလ၏နောက်ဆုံးအပတ်အထိ 7 ရက်သားနှင့်အထက် ကြက်အားလုံးအား နေ့စဉ်မီးအလင်းပေးရမည်။ 24 နာရီကာလတိုင်းတွင် အသားစားကြက်၏ ဦးခေါင်းအထက်အမြင့်၌ အနိမ့်ဆုံး 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ဖြင့် အနည်းဆုံး ဆက်တိုက် 8 နာရီကြာ အလင်းပေးရမည်ဖြစ်ပြီး မီးအလင်းပြင်းအားသည် 1 lux (0.1 ပေ ဖယောင်းတိုင်အလင်း) ထက် မပိုဘဲ အနည်းဆုံး 4 နာရီကြာ ဆက်တိုက်အမှောင်ချထားရမည်။

ရောင်ပြေး မီးအလင်းပေးစနစ်များအတွက်- အသားစားကြက်များ၏ ဦးခေါင်းအမြင့်အထက် (မျက်နှာကြက်တွင် တပ်ထားခြင်းမဟုတ်)၊ အစာကျွေးလိုင်းပေါ်တွင် အလင်းပြင်းအား (20 lux နှင့်အထက်) ဖြင့် အလင်းပေးပြီး ကြက်ခြံ၏ ကျန်ရှိသည့်နေရာများတွင် (အနည်းဆုံး 1 lux ရှိသော) မှိန်ပျပျအလင်းပေးရမည်။

သဘာဝ (လျှပ်စစ်မီးမဟုတ်သော) အလင်းရောင်စနစ်များအတွက်- လျှပ်စစ်အလင်းရောင်မရှိချိန် အသားစားကြက်များ၏ ဦးခေါင်းအထက်အမြင့်၌ အနည်းဆုံး 10 lux (1 ပေ-ဖယောင်းတိုင်အလင်း) အဆင့်ရှိ နေရောင်ခြည်မှရသော သဘာဝအလင်းရောင်ကို တစ်ညီတစ်ညာတည်း ပေးရမည်။

**ထိခိုက်ဒဏ်ရာ**

ထိခိုက်ဒဏ်ရာဆိုသည်မှာ သေးငယ်သည့် အမာရွတ်တစ်ရှူး သို့မဟုတ် ချို့ယွင်းနေသောအရိုးများ သို့မဟုတ် အဆစ်များ ဖြစ်လာနိုင်သည့်အထိ ပြင်းထန်သော ထိခိုက်မှုဖြစ်ပြီး မတော်တဆ တိုက်မိ၊ ဆောင့်မိခြင်းများ သို့မဟုတ် ခြစ်ရာများကြောင့် ဖြစ်ရသည့်ပမာဏထက် သိသိသာသာ ကြီးမားသည့်ဒဏ်ရာဖြစ်သည်။

| | |
|---|---|
| **တိရစ္ဆာန် ကျန်းမာရေး အစီအစဉ်** | လက်ရှိဥပဒေများအရ ခွင့်ပြုထားသည့်အတိုင်း ကုသမှု၊ ကာကွယ်မှုနှင့် ထိန်းချုပ်မှုအဖြစ် သတ်မှတ်ထားသော ပဋိဇီဝဆေးများ (အိုင်အွန်နိုဖေ အပါအဝင်)၊ သန်ချဆေးနှင့် မှိုသတ်ဆေးများအား အသုံးပြုကုသမှု အသေးစိတ်။ ၎င်းတွင် ပဋိဇီဝဆေးများ၊ သန်ချဆေးများ၊ မှိုသတ်ဆေးများကို ကြက်အုပ်ဆေးကုဆရာဝန်မှ ညွှန်ကြားထားသည့်အတိုင်းသာ အသုံးပြုကုသရမည်ဟူသော သတ်မှတ်ချက်များ ပါဝင်ပါသည်။ အသုံးပြုကုသမှုသည် FDA မှ နောက်ဆုံးထုတ်ပြန်ထားသော မွေးမြူရေးတိရစ္ဆာန်ဆေးကု ဆရာဝန်များအတွက် ပဋိဇီဝပိုးသတ်ဆေးများအား နှိုင်းချင့်အသုံးပြုမှုနှင့် ကိုက်ညီရမည်ဖြစ်ပြီး ဆေးဖြတ်ပြီး စောင့်ဆိုင်းရမည့် ကာလသတ်မှတ်ချက်များကိုလည်း လိုက်နာရပါမည်။ |
| **ကုသမှု မှတ်တမ်းများ အပြည့်အစုံ** | မှတ်တမ်းများတွင် ကုသမှုပြုလုပ်ရသည့် အကြောင်းရင်း၊ ကုသမှု ပြုလုပ်သည့် ရက်စွဲ၊ အသုံးပြုသည့် ဆေးပမာဏ၊ ဆေးပေးသည့်လမ်းကြောင်းနှင့် ဆေးဖြတ်မည့်ရက်တို့ ပါဝင်သည်။ |
| **တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ** | စီမံခန့်ခွဲမှုစနစ်တွင် သင့်လျော်သော ပြောင်းလဲမှုနှင့် ချက်ချင်းပြောင်းလဲမှုများ အပါအဝင် ပုံမှန်မဟုတ်သော အပြုအမူများ ဖြစ်ပွားပါက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ။ နာတာရှည်အဆစ်အမြစ်ရောဂါ သို့မဟုတ် ခြေထောက်ပုံပျက်ခြင်းကြောင့် ဝေဒနာမခံစားရစေရန် စီမံခန့်ခွဲမှု အစီအစဉ်များ၊ ၎င်းတွင်- ဆိုးရွားလာသော ပြဿနာ ဆက်မဖြစ်ကြောင်း သေချာစေရန် ခြေထောက်ပုံစံမမှန်ခြင်းနှင့်/သို့မဟုတ် ပုံပျက်ယွင်းခြင်းကြောင့် ကြက်များအား ရွေး၍သုတ်သင်ခြင်းဆိုင်ရာ နေ့စဉ်စစ်ဆေးမှု မှတ်တမ်းများကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ပါဝင်သည်။ ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များ သို့မဟုတ် ကိုင်တွယ်မှု လုပ်ထုံးလုပ်နည်းကြောင့် ဖြစ်လေ့ရှိသော အကြောင်းရင်းတစ်ခုရှိကြောင်း အကြံပြုရန် ခဏခဏဖြစ်ပွားသည့် ဒဏ်ရာများမှ လျော့ပါးစေရေး/တားဆီးရေးအတွက် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ။ အစာအဆိပ်သင့်စေသည့် Salmonella ပိုး၊ ဝမ်းပျက်စေသည့် Campylobacter ပိုးနှင့် အစာဘေးကင်းရေးဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်များ ဖြစ်စေသော အခြားသက်ရှိပိုးမွှားများကို လျှော့ချရေးနှင့် ထိန်းချုပ်ရေးအတွက် လက်ခံကျင့်သုံးပြီး လိုက်နာဆောင်ရွက်သော အစီအစဉ်။ |
| **တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ဝန်ဆောင်မှုရယူသူများ၊ လူနာများအကြား ဆက်ဆံရေး (VCPR)** | သက်တမ်းရှိ လိုင်စင်ရထားပြီး တိရစ္ဆာန်မွေးမြူထုတ်လုပ်သူနှင့် ကြက်အုပ်အကြောင်း သေချာသိရှိထားသည့်အပြင် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူနှင့် အလုပ်တွဲလုပ်ရန် သဘောတူထားသည့် သီးသန့် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦး ရှိကြောင်း ရေးသားထားသည့် အထောက်အထား။ |
| **တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒ** | ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများ၊ အရေးပေါ် လုပ်ထုံးလုပ်နည်းများနှင့် အရေးပေါ်အခြေအနေ အစီအစဉ်များ အပါအဝင် ကြက်သားထုတ်စက်ရုံအတွင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုအား ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ စာဖြင့်ရေးသားထားသော လုပ်ထုံးလုပ်နည်းများ။ |

# အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်း လုပ်ငန်းစဉ်

**အသိအမှတ်ပြုလက်မှတ်ရရှိရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအတွက် လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-**

1. စိတ်ပါဝင်စားသော ကုမ္ပဏီများသည် American Humane သို့ ဆက်သွယ်ရမည်။
2. စိတ်ပါဝင်စားသော ကုမ္ပဏီသည် American Humane နှင့် သဘောတူညီချက်တစ်ရပ် ချုပ်ဆိုရမည်။
3. မျိုးစိတ်များအပေါ်အခြေခံ၍ ခြေရာခံနိုင်မှုကို ကနဦး စစ်ဆေးခြင်းများ ပြုလုပ်မည် ဖြစ်သည်။
4. American Humane သည် ကနဦး စစ်ဆေးမှု ရလဒ်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သော သတ်မှတ်ချက်နှင့်မကိုက်ညီသည့် အစီရင်ခံစာများကို အပြီးသတ်ဖြည့်စွက်ရန်အလို့ငှာ စိတ်ပါဝင်စားသော ကုမ္ပဏီနှင့်အတူ လက်တွဲလုပ်ဆောင်ပါသည်။
5. ပြန်လည်အသိအမှတ်ပြုခြင်းအတွက် စစ်ဆေးမှုများကို နှစ်စဉ်ပြုလုပ်ပါသည်။

ထုတ်ကုန်များသည် American Humane Certified™ အမှတ်အသား သို့မဟုတ် တံဆိပ်ကို မရရှိမီတွင် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူများသည် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး အသိအမှတ်ပြုလက်မှတ် ပေးအပ်မှုဆိုင်ရာ ဘက်စုံအစီအစဉ်တွင် ပါဝင်ခြင်းဖြင့် ၎င်းတို့၏ တိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ရေး ကတိကဝတ်ကို ပြသရမည်ဖြစ်သည်။

American Humane Certified™ အသိအမှတ်ပြုလက်မှတ် အမှတ်အသားများကို အသုံးပြုခွင့်ရရှိရန် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိမှု အခြေအနေအား ရည်ညွှန်းဖော်ပြရန် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူတိုင်းသည် (1) သက်ဆိုင်ရာ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများနှင့် သက်ဆိုင်ရာ ခြေရာခံနိုင်မှု စံချိန်စံညွှန်းများ အပါအဝင် American Humane အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်း အစီအစဉ်ဆိုင်ရာ လိုအပ်ချက်များနှင့် စံချိန်စံညွှန်းများအားလုံးကို လိုက်နာရန် သဘောတူရပါမည်၊ ထို့အပြင် (2) American Humane အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်း အစီအစဉ်၏ လိုအပ်ချက်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း သေချာစေရန် ၎င်း၏အဆောက်အအုံများနှင့် ၎င်း၏ကြက်သတ်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ စက်ရုံများအား ပြင်ပအဖွဲ့အစည်းမှ လိုအပ်သော စစ်ဆေးမှုများကို အောင်မြင်စွာ ပြီးမြောက်ရမည်ဖြစ်သည်။

ကောင်းမွန်သည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုပေးပြီး စံနှုန်းတစ်ခုစီ၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးသည့် အခြား လက်ခံနိုင်သော နည်းလမ်းများ ရှိနိုင်သည်ကို American Humane က အသိအမှတ်ပြုပါသည်။ American Humane သည် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူများအား စံချိန်စံညွှန်းများအပေါ် ထင်မြင်ချက်ပေးရန်နှင့် ၎င်းအနေဖြင့် သီးခြားစံချိန်စံညွှန်းတစ်ခုကို ဖြည့်ဆည်းခြင်းမပြုနိုင်ဟု ယူဆရသည့် အကြောင်းရင်း၊ စံချိန်စံညွှန်းသည် ၎င်း၏အခြေအနေနှင့် မသက်ဆိုင်နှင့်/သို့မဟုတ် သင့်လျော်မှုမရှိဟု ထင်မြင်ရသည့် အကြောင်းရင်း သို့မဟုတ် ထုတ်လုပ်သူက တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု ရလဒ်ကောင်းများကို မည်သို့ပြသခဲ့သည်ကို ရှင်းပြရန် အားပေးတိုက်တွန်းပါသည်။ တိရစ္ဆာန်မွေးမြူထုတ်လုပ်သူမှ ကောင်းမွန်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု ပေးအပ်ကြောင်း လုံလောက်ပြည့်စုံသည့် အထောက်အထားပြနိုင်လျှင် American Humane သည် ဖော်ပြထားသည့် လိုအပ်ချက်များထဲမှ အချို့အတွက် သီးခြားခွင်းချက်များ ထားရှိပေးရန် ထည့်သွင်းစဉ်းစားနိုင်သည်။ ခြွင်းချက်တစ်ခု ပေးအပ်မည်၊ မပေးအပ်မည်ကို American Humane ၏ တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ဆုံးဖြတ်သတ်မှတ်ပါမည်။

# အတိုင်းအတာ

အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် အသားစားကြက်များအား ဥမှသားဖောက်ခြင်း၊ ၎င်းတို့၏ ကြီးထွားကာလ၊ ၎င်းတို့အား သယ်ယူပို့ဆောင်ခြင်း၊ ညှာတာစွာ သတ်ဖြတ်ခြင်းနှင့် စီမံထုတ်လုပ်ခြင်း အပါအဝင် အသားစားကြက်အား သက်တမ်းအပြည့် သေချာပြုစုစောင့်ရှောက်ကြောင်း အာမခံရန် အကဲဖြတ်ထားသည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု အစီအမံများ ပါဝင်သည်။

**ဥမှပေါက်ခြင်း**



**ကြီးထွားခြင်း**



**သယ်ယူပို့ဆောင်ခြင်း**



**စီမံထုတ်လုပ်ခြင်း**



# အဓိက ပြုစုစောင့်ရှောက်မှုဆိုင်ရာ အညွှန်းကိန်းများ (KWI)

အဓိက ပြုစုစောင့်ရှောက်မှုဆိုင်ရာ အညွှန်းကိန်းများ (KWI) ဆိုသည်မှာ တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုကို အကဲဖြတ်ရန် သို့မဟုတ် တိုးတက်စေရန်အတွက် တိုင်းတာစောင့်ကြည့်စစ်ဆေးနိုင်ပြီး စီမံခန့်ခွဲနိုင်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုအပေါ် သက်ရောက်စေသည့် အချက်များအဖြစ် သတ်မှတ်ထားပါသည်။ KWI အစီအမံများကို သိပ္ပံနည်းကျနှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ရှင်းလင်းသော ဆက်စပ်မှုများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ KWI ကို ရလဒ်အခြေပြုပြီး ထုတ်လုပ်မှု အမျိုးအစား အမျိုးမျိုးတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ထားပြီး ၎င်းတွင် တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု တိုးတက်စေရန် ဒေတာများကို အသုံးပြုနိုင်စေမည့် အထောက်အကူပြု နမူနာညွှန်ကြားချက်များ ပါရှိကာ သီးသန့်ပြုစုစောင့်ရှောက်မှုရလဒ်တစ်ခု၏ တိုးတက်မှုများကို လမ်းညွှန်ရန်အတွက် ၎င်းကို အသုံးပြုနိုင်သည်။

### ကြက်သတ်လုပ်ငန်းစဉ်

- သံခြေချင်းတွင်ချိတ်မှု အမှတ်ပေး စောင့်ကြည့်လေ့လာချက် + မှတ်တမ်းများ
- မူးမေ့သတိလစ်နှုန်း စောင့်ကြည့်လေ့လာချက် + မှတ်တမ်းများ
- အလိုအလျောက် ဓားဖြင့်ခုတ်ရာတွင် လွတ်သွားသော ကြက်ကောင်ရေ စောင့်ကြည့်လေ့လာချက် + မှတ်တမ်းများ
- အတောင်ကျိုးနေသည့် ကြက်ကောင်ရေနှုန်း စောင့်ကြည့်လေ့လာချက် + မှတ်တမ်းများ
- ခြေထောက်ကျိုးပြီး ဒဏ်ရာရနေသော ကြက်ကောင်ရေနှုန်း စောင့်ကြည့်လေ့လာချက် + မှတ်တမ်းများ

### စာရွက်စာတမ်းထားရှိခြင်း

- သေဆုံးမှုနှုန်း မှတ်တမ်းများ
- ရောဂါဖြစ်သည့်ကြက်များအား ရှင်းလင်းမှု မှတ်တမ်းများ
- နေ့စဉ် အသားစားကြက်များ စစ်ဆေးမှု မှတ်တမ်း

### မွေးမြူရေးခြံ ပတ်ဝန်းကျင်

- အမိုးနီးယားဓာတ်ငွေ့
- ကြက်ချေးစွန့်အခင်းကို လက်ဖြင့်ညှစ်၍ စစ်ဆေးမှု
- ပုံမှန် လမ်းလျှောက်ဟန် အမှတ်ပေးခြင်း မှတ်တမ်းများ
- လမ်းလျှောက်ဟန်ရမှတ် လေ့လာတွေ့ရှိချက်များ

# အလိုအလျောက် ကျရှုံးမှုများ

**အောက်ပါ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ အကန့်အသတ်မရှိ ပါဝင်သည်-**

- နာကျင်စေရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေရန် လက်သီး၊ ခြေထောက် သို့မဟုတ် ပစ္စည်း/အရာဝတ္ထုများဖြင့် အသားစားကြက်တစ်ကောင်အား အပြင်းအထန် ရိုက်ခြင်း အပါအဝင် ထိုးနှက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်း။
- အသိစိတ်ရှိသော အသားစားကြက်တစ်ကောင်ကို တရွတ်တိုက် ဆွဲယူခြင်း။
- စိတ်ဖိစီးစေရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေရန် နှုတ်ဖြင့်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုဖြင့်ဖြစ်စေ အသားစားကြက်များကို ရည်ရွယ်ချက်ရှိရှိ ခြောက်လှန့်ခြင်း။
- အသားစားကြက်များကို ရည်ရွယ်ချက်ရှိရှိ ပစ်ချခြင်း သို့မဟုတ် လွှင့်ပစ်ခြင်း။
- အသားစားကြက်များအနီးရှိ တံခါးများ သို့မဟုတ် အခြားပစ္စည်းကိရိယာများအား ရည်ရွယ်ချက်ရှိရှိ ဆောင့်ပိတ်ခြင်း။
- နောက်တွဲယာဉ်၏ ကြမ်းပြင် သို့မဟုတ် ဘေးဘက်တွင် အသားစားကြက်များကို အေးခဲနေအောင် ထားရှိခြင်း။
- အသားစားကြက်များ သိသိသာသာ ထိခိုက်ခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်စေသည့် အတိုင်းအတာအထိ အစားအစာ၊ ရေ သို့မဟုတ် စောင့်ရှောက်မှု ပေးအပ်ရန် ပျက်ကွက်ခြင်း။

## အလိုအလျောက် စစ်ဆေးမှု ကျရှုံးသည့် နယ်ပယ်များ-

စစ်ဆေးမှုလုပ်ငန်းစဉ်အတွင်း အောက်ဖော်ပြပါတို့မှ တစ်စုံတစ်ရာကို လေ့လာတွေ့ရှိခဲ့ပါက စစ်ဆေးမှုသည် အလိုအလျောက် ကျရှုံးမည်ဖြစ်ပြီး အဆိုပါလုပ်ရပ်အား မွေးမြူရေးခြံ/ကြက်သတ်လုပ်ငန်းစဉ် စီမံခန့်ခွဲမှုပိုင်း၊ စစ်ဆေးရေးကုမ္ပဏီနှင့် American Humane Certified™ သို့ ချက်ချင်းအကြောင်းကြားရပါမည်။ American Humane Certified™ ကို အကြောင်းကြားသောအခါ စက်ရုံမန်နေဂျာ၊ စစ်ဆေးရေးမှူးနှင့် American Humane Certified™ တို့၏ ဆုံးဖြတ်ချက်အရ အချိန်နှင့် ဘေးကင်းမှုကို ထည့်သွင်းစဉ်းစားပြီး စစ်ဆေးခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် အပြီးသတ်နိုင်သည်။

### 1 ရည်ရွယ်ချက်ရှိရှိ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု လုပ်ရပ်များ (မွေးမြူရေးခြံ၊ သယ်ယူပို့ဆောင်ရေးနှင့် ကြက်သတ်လုပ်ငန်းစဉ်)

စစ်ဆေးနေသည့်စက်ရုံရှိ ဝန်ထမ်းများ၏ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု လုပ်ရပ်များကို တွေ့ရှိခြင်း မရှိစေရ။ ၎င်းသည် စစ်ဆေးနေချိန်အတွင်း စက်ရုံတွင်ရှိသော အသားစားကြက်အားလုံးအပေါ် သက်ရောက်မှုရှိသည်။ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု လုပ်ရပ်များ ဆိုသည်မှာ ပုံမှန်လက်ခံထားသော ကုန်ထုတ်လုပ်မှု လုပ်ထုံးလုပ်နည်းများနှင့် သွေဖည်ပြီး နာကျင်စေရန် သို့မဟုတ် နာကျင်ခံစားရစေရန် တမင်ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သော လုပ်ရပ်များ ဖြစ်သည်။

### 2 သားမသတ်မီ တိရစ္ဆာန်အား မူးမေ့သတိလစ်အောင်ပြုလုပ်ခြင်း သို့မဟုတ် ညင်သာစွာသတ်ခြင်းကို ခွင့်ပြုမထားသောနည်းလမ်းဖြင့် လုပ်ဆောင်နေသည် (မွေးမြူရေးခြံ၊ သယ်ယူပို့ဆောင်ရေးနှင့် ကြက်သတ်လုပ်ငန်းစဉ်)

စစ်ဆေးမှုလုပ်နေသည့်စက်ရုံသည် ရောဂါဖြစ်သည့်ကြက်များအား ပုံမှန်ရှင်းလင်းခြင်းအတွက် သို့မဟုတ် ကြက်အုပ်များအား အရေးပေါ်ညင်သာစွာသတ်ခြင်းအတွက် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်း (AVMA) က ခွင့်ပြုထားသော ညင်သာစွာသတ်ခြင်း နည်းလမ်းများကိုသာ အသုံးပြုရမည်ဖြစ်ပြီး လေ့ကျင့်သင်ကြားမှုရရှိထားသူက ၎င်းတို့ကို လုပ်ဆောင်ရပါမည်။ ပိုမိုဆိုးရွားသောဝေဒနာမခံစားရစေရန်အတွက် ဤနည်းလမ်းများကို ချက်ချင်းလုပ်ဆောင်ရမည်ဖြစ်ပြီး AVMA မှ နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ [1]ကို လိုက်နာရပါမည်။

**အောက်ဖော်ပြပါ နည်းလမ်းများသည် မွေးမြူရေးခြံတွင် အသားစားကြက်များအား ညင်သာစွာသတ်ခြင်းအတွက် ခွင့်ပြုထားသော နည်းလမ်းများ ဖြစ်ပါသည်-**

- အရေအတွက် အလွန်နည်းပါးသော အသားစားကြက်ကို ညင်သာစွာ သတ်ရာတွင် အသုံးပြုသည့် လည်လိမ်ချိုး၍ သတ်ခြင်း။
- လျှပ်စစ်ဖြင့် မူးမေ့သတိလစ်အောင်လုပ်ပြီး ချက်ချင်း လည်လှီးဖြတ်သတ်ခြင်း။
- Captive bolt သေနတ်ဖြင့် သတ်ဖြတ်ခြင်း။
- သင့်လျော်သည့်ပုံးတစ်ပုံးတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် သို့မဟုတ် အခြားသင့်လျော်သောဓာတ်ငွေ့/ဓာတ်ငွေ့အရောအနှောကို AVMA မှ ညွှန်ကြားထားသည့် လက်ခံနိုင်သောပမာဏဖြင့် ထုတ်လွှတ်၍ သတ်ခြင်း။
- AVMA မှ နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ [1] အရ ခွင့်ပြုထားသည့် အခြားနည်းလမ်းတစ်ခုခု

## 3 အမှိုက်စွန့်ပစ်သည့်နေရာများတွင် အသားစားကြက်အရှင်များ မရှိစေရ (မွေးမြူရေးခြံ၊ သယ်ယူပို့ဆောင်ရေးနှင့် ကြက်သတ်လုပ်ငန်းစဉ်)

အမှိုက်စွန့်ပစ်သည့်နေရာအားလုံးတွင် အသားစားကြက်အရှင်များ မရှိစေရ။

## 4 ပစ္စည်းမတင်ထားသော နောက်တွဲယာဉ်အလွတ်များထဲ၌ အသားစားကြက်အရှင်များ မရှိစေရ (မွေးမြူရေးခြံ၊ သယ်ယူပို့ဆောင်ရေးနှင့် ကြက်သတ်လုပ်ငန်းစဉ်)

သယ်ယူပို့ဆောင်ရေးနောက်တွဲယာဉ်ရှိ သယ်ပို့လှောင်အိမ်များမှ အသားစားကြက်များကို အောက်ချပြီးနောက်တွင် ပစ္စည်းတင်မထားသော နောက်တွဲယာဉ်အလွတ်ပေါ်၌ အသားစားကြက်အရှင်များ မကျန်ရှိစေရ။ သယ်ပို့မည့် အသားစားကြက်များကို တင်ဆောင်ရန် နောက်တွဲယာဉ်အလွတ် သို့မဟုတ် ပစ္စည်းမတင်ထားသော နောက်တွဲယာဉ်သည် မွေးမြူရေးခြံသို့ ရောက်ရှိလာသောအခါ ထိုယာဉ်အလွတ်ပေါ်တွင် အသားစားကြက်အရှင်များ မရှိစေရ။

## 5 DOA ပုံးထဲတွင် အသားစားကြက်အရှင်များ မရှိစေရ (ကြက်သတ်လုပ်ငန်းစဉ်)

သယ်ပို့လှောင်အိမ်များမှ အသားစားကြက်များကို အောက်ချနေစဉ်တွင် သေပြီးသားရောက်ရှိလာသော (DOA) အသားစားကြက်များကို သီးခြားပုံး သို့မဟုတ် သိုလှောင်ပုံးထဲသို့ ထည့်နိုင်သည်။ ဤပုံး သို့မဟုတ် သိုလှောင်ပုံးထဲတွင် အသားစားကြက်အရှင်များကို ထည့်ထားခြင်း မရှိစေရပါ။

## 6 ရေနွေးပူကန်ထဲသို့ အသားစားကြက်အရှင်များကို မထည့်ရပါ (ကြက်သတ်လုပ်ငန်းစဉ်)

ကြက်သတ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်စဉ် အသားစားကြက်များအား နောက်ဆုံးတွင် ရေနွေးပူကန်ထဲသို့ ရွှေ့ရမည်ဖြစ်သည်။ ရေနွေးပူကန်ထဲသို့ မထည့်မီတွင် အသားစားကြက်များအား စံချိန်စံညွှန်းများတွင်ဖော်ပြထားသည့် နည်းလမ်းများဖြင့် မူးမေ့သတိလစ်၍ သွေးထွက်အောင် ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတို့ အသက်မရှိကြောင်း သေချာအောင် စစ်ဆေးရပါမည်။ သို့ဖြစ်၍ ရေနွေးပူကန်ထဲသို့ အသားစားကြက်အရှင်များကို ထည့်ခြင်း မရှိစေရပါ။

# မွေးမြူရေးခြံဆိုင်ရာ လမ်းညွှန်ချက်များ

## ရုံးမှတ်တမ်းများနှင့် စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ

ရုံးမှတ်တမ်းများနှင့် စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ (SOP) ကဏ္ဍတွင် စစ်ဆေးသည့်အချိန်၌ စစ်ဆေးရေးမှူးအတွက် ရရှိအောင် ပြုလုပ်ပေးရမည့် မှတ်တမ်းများ၊ SOP များနှင့် မှတ်တမ်းစာရွက်စာတမ်းများကို အကြမ်းဖျင်း ဖော်ပြထားပါသည်။ ဤအရာများကို ဝန်ထမ်းများသာမက၊ စစ်ဆေးရေးမှူးပါ အလွယ်တကူ ရယူကြည့်ရှုနိုင်သော မွေးမြူရေးခြံ လက်စွဲစာအုပ် ပုံစံဖြင့် ပင်မရုံးတွင် ထိန်းသိမ်းထားရှိရမည်။ အချိန်ပိုမိုကြာမြင့်စွာ ထိန်းသိမ်းထားရန် အခြားတစ်နည်းနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် မွေးမြူရေးခြံမှတ်တမ်းများကို အနည်းဆုံး တစ်နှစ်ကြာ ထိန်းသိမ်းထားရမည် (ဥပမာ- တိရစ္ဆာန်ဆေးပညာဆိုင်ရာ အစာကျွေးခြင်း လမ်းညွှန်ချက်များကို နှစ်နှစ်ကြာ ထိန်းသိမ်းထားရန် အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက သတ်မှတ်ထားသည်)။


ပြင်ပစစ်ဆေးမှုအတွက် ကြိုတင်ပြင်ဆင်ရန် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ လုပ်ငန်းတွင်းစစ်ဆေးမှုကို အလေ့အကျင့်ပြုလုပ်ရန် ဖြစ်သည်။ လုပ်ငန်းတွင်းစစ်ဆေးမှုကို လုပ်ဆောင်ခြင်းသည် အမှန်တကယ် စစ်ဆေးမှု မပြုလုပ်မီ စည်းကမ်းကိုက်ညီမှုမရှိသည့် နယ်ပယ်များကို ရှာဖွေရန်၊ ဖြေကြားချက်တောင်းဆိုလာနိုင်သည့် မေးခွန်းများကို ဖော်ထုတ်ရန်  သို့မဟုတ် စံချိန်စံညွှန်းများကို ရှင်းလင်းစွာ နားလည်စေရန် အထိရောက်ဆုံး နည်းလမ်းဖြစ်နိုင်သည်။ ထို့ကြောင့် American Humane Certified™ ကြက်ခြံတိုင်းသည် အဆောက်အအုံတစ်ခုစီအတွက် အနည်းဆုံး သုံးနှစ်တစ်ကြိမ် လုပ်ငန်းတွင်းစစ်ဆေးမှုကို ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစစ်ဆေးမှုမှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှု သို့မဟုတ် National Chicken Council ၏ အသားစားကြက်များအတွက် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှု ဆောင်ရွက်ရန်စာရင်း[2] ကဲ့သို့သော အသားစားကြက် ပြုစုစောင့်ရှောက်ရေး စစ်ဆေးမှုကိရိယာကို အသုံးပြု၍ လုပ်ငန်းတွင်း စစ်ဆေးမှုကို လုပ်ဆောင်ရပါမည်။

တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများအပေါ် မျှော်လင့်ထားသည့်အရာများကို အသေးစိတ်ရှင်းလင်းစွာ ဖော်ပြထားသော ကုမ္ပဏီမူဝါဒတစ်ရပ်ရှိရမည့်အပြင် တိရစ္ဆာန်ပြုစုစောင့်ရှောက်သူတစ်ဦးစီက ၎င်းကို သုံးသပ်ပြီး နားလည်သဘောပေါက်ကြောင်း လက်မှတ်ထိုးရမည်။

**ကုမ္ပဏီ၏ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒတွင် အောက်ပါတို့ ပါဝင်ရမည်-**

- တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို အားပေးသည့် ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန် ကုမ္ပဏီ၏ ကတိကဝတ်ကို အလေးပေးခြင်း။
- ကုမ္ပဏီသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ပြဿနာများကို သတင်းပေးသည့် ဝန်ထမ်းများအား ကာကွယ်ပေးသော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ "သတင်းပေးသူ" မူဝါဒကို အကောင်အထည်ဖော်ခဲ့သည်။
- အသားစားကြက်များကို ကန်ကျောက်ခြင်း၊ ပစ်ချခြင်း၊ အော်ဟစ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ခြောက်လှန့်ခြင်းနှင့် အခြားညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များကို လုံးဝသည်းခံမည်မဟုတ်ဘဲ ကုမ္ပဏီ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ဤလုပ်ရပ်များသည် အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် အကြောင်းပြချက်များဖြစ်သည်ဟု ဖော်ပြထားသည့် "လုံးဝသည်းခံခြင်းမရှိ" မူဝါဒကို ကုမ္ပဏီက အကောင်အထည်ဖော်ခဲ့သည်။

ကုမ္ပဏီတိုင်းတွင် အလုပ်သမားများ နားလည်နိုင်သော ဘာသာစကားဖြင့် ရရှိနိုင်သည့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်း မူဝါဒလည်း ရှိရမည်ဖြစ်ပြီး အလုပ်သမားတစ်ဦးစီအား ဤမူဝါဒနှင့်အညီ လေ့ကျင့်သင်ကြားပေးရပါမည်။



### ဝန်ထမ်းကျင့်ဝတ်စည်းကမ်း မူဝါဒတွင် အောက်ပါတို့ ပါဝင်ရမည်-

- ဝန်ထမ်းအားလုံးအနေဖြင့် အသားစားကြက်များကို အမြဲတမ်း ကောင်းမွန်စွာနှင့် သနားကြင်နာစွာ ကိုင်တွယ်မည်ဟု မျှော်လင့်ထားပါသည်။
- အလုပ်သမားတိုင်းသည် ၎င်းတို့အား သတ်မှတ်ပေးထားသော တာဝန်များအပြင် အသားစားကြက်များအတွက် လုံလောက်သော အစာ၊ ရေ၊ အလင်းရောင်၊ လေဝင်လေထွက်စနစ်၊ အပူချိန် ထိန်းချုပ်မှုနှင့် ဇီဝလုံခြုံရေးကဲ့သို့သော အခြေခံလိုအပ်ချက်များအား အမြဲတမ်း ဖြည့်ဆည်းပေးပြီး ဤအခြေခံလိုအပ်ချက်များမှ တစ်ခုခု လစ်ဟင်းနေပါက ကြီးကြပ်ရေးမှူးထံ အကြောင်းကြားရမည်ကိုလည်း သိရှိထားရမည်။
- ဝန်ထမ်းအားလုံးသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ဖြစ်စဉ်အစီရင်ခံစာ သို့မဟုတ် အလားတူကုမ္ပဏီစာရွက်စာတမ်းကို ရယူကြည့်ရှုခွင့်ရှိပါသည်။ ဝန်ထမ်းများသည် မိမိစိုးရိမ်သည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်သော ဖြစ်စဉ်များကို သတိပြုမိသည့်အခါတိုင်း ဤစာရွက်စာတမ်းကို ဖြည့်စွက်ပြီး တင်ပြရမည်ဟု ၎င်းတို့ကို ညွှန်ကြားထားသည်။
- ဝန်ထမ်းတိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင်တာဝန်များကို ထမ်းဆောင်ရင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို လိုက်နာရာတွင် အမြဲတမ်း ပါဝင်ကူညီရန် တာဝန်ရှိပြီး ထိုသို့ပါဝင်ကူညီမည်ဟုလည်း မျှော်လင့်ထားပါသည်။

မွေးမြူရေးခြံတစ်ခြံလျှင် တာဝန်သတ်မှတ်ပေးထားသည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ (AWO) အနည်းဆုံးတစ်ဦးရှိရမည်။ AWO သည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒများကို အကောင်အထည်ဖော်ကြောင်း စိစစ်ရန်နှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများအား အမြဲတမ်း ဖြည့်ဆည်းပေးကြောင်း သေချာစေရေးအတွက် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ စစ်ဆေးချိန်တွင် ဤပုဂ္ဂိုလ်၏ အမည်ကို ဖော်ပြပြီး မှတ်တမ်းတင်ရပါမည်။

မွေးမြူရေးခြံများသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး သို့မဟုတ် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ် လုပ်ဆောင်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပုံမှန်ပြင်ဆင်ချိန်ညှိထားပြီး အလုပ်သမားအားလုံး နားလည်နိုင်သော ဘာသာစကားဖြင့် စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်ဖြစ်စေ ရရှိနိုင်သော SOP ကို အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းထားရှိရမည်။ စာဖြင့်ရေးသားထားသော SOP ကို ကြည့်ရှုခွင့်ရရှိခြင်းသည် လေ့ကျင့်ရေး ရည်ရွယ်ချက်များ၊ အလုပ်တာဝန်တစ်ခုကို လုပ်ဆောင်ပုံနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေရှင်းခြင်းနှင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစဉ် စဉ်ဆက်မပြတ် တိုးတက်စေရန် တစ်ပြေးညီအလုပ်တာဝန်ပြီးစီးမှုအတွက် အထောက်အကူပြုပါသည်။ တိရစ္ဆာန်ပြုစုစောင့်ရှောက်သူတိုင်းသည် ဤစာရွက်စာတမ်းကို ရရှိပြီးဖြစ်ကြောင်းနှင့် ယခင်ထုတ်ပြန်ချက်ကို ဖော်ပြထားသည့် စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခြင်းဖြင့် နားလည်ကြောင်း ဖော်ပြရပါမည်။

### SOP များတွင် အနည်းဆုံးအနေဖြင့် အောက်ပါတို့ ပါဝင်ရမည်-

- အသားစားကြက်များနှင့် စက်ရုံများအားလုံးကို တစ်နေ့နှစ်ကြိမ် စစ်ဆေးမှုများ လုပ်ဆောင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း။
- စက်ကိရိယာများအား နေ့စဉ်စစ်ဆေးခြင်း၊ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးလုပ်ခြင်း၊ အရန်လုပ်ထုံးလုပ်နည်းများနှင့် တစ်ခုစီ၏ မှတ်တမ်းများ။
- (အလိုအလျောက် မှတ်တမ်းမတင်ထားပါက) အမြင့်ဆုံးနှင့် အနိမ့်ဆုံး ကြက်ခြံ အပူချိန်များအား နေ့စဉ်စောင့်ကြည့်စစ်ဆေးပြီး အလုပ်သမား၏ နာမည်အတိုကောက်ဖြင့် လက်မှတ်ထိုး၍ မှတ်တမ်းတင်ခြင်း။
- လေဝင်လေထွက်စနစ် သတ်မှတ်ချက်များ/နှုန်းများကို စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လိုအပ်သလို ချိန်ညှိမှုများနှင့် အချိန်အပိုင်းအခြားအလိုက် အမိုးနီးယားဓာတ်ငွေ့ပမာဏ တိုင်းတာခြင်း (ကြက်အုပ်တစ်အုပ်လျှင် နှစ်ကြိမ်)။
- ကြက်အုပ်နေရာချထားခြင်းမပြုမီ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခိုင်ခံ့မှုရှိ၊ မရှိ အဆောက်အအုံများကို စစ်ဆေးခြင်း။
- ကြက်ချေးစွန့်အခင်းအား ရှင်းလင်းထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း။
- အရန်ဓာတ်အားထောက်ပံ့မှုကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း။
- အချက်ပေးစနစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း။
- အလိုအလျောက် လေဝင်လေထွက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်း။
- အသားစားကြက်များအတွက် American Humane Certified™ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး လက်ရှိစံချိန်စံညွှန်းများ၏ မိတ္တူ။
- အလုပ်သမားများသည် ၎င်းတို့အား ချမှတ်ပေးထားသည့် တာဝန်များနှင့်ဆိုင်သော SOP များ၏ မိတ္တူများကို ရရှိထားပြီး ၎င်းတို့ နားလည်သဘောပေါက်ကြောင်း ရက်စွဲတပ်ကာ လက်မှတ်ရေးထိုးရမည်။
- အသားစားကြက်များအား နေရာချထားခြင်း၊ ခြံအတွင်းထားရှိခြင်းနှင့် ကိုင်တွယ်ခြင်း။

ကြက်ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်တင်ခြင်း၊ စီမံထုတ်လုပ်ခြင်း စသည်တို့ကဲ့သို့ အခြားလုပ်ငန်းစဉ်များအတွက် ပြင်ပကုမ္ပဏီတစ်ခုအား အသုံးပြုပါက စစ်ဆေးရေးမှူးများသည် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာ၍ ဤလုပ်ငန်းစဉ်ကို စိစစ်အတည်ပြုရမည်။ ၎င်းသည် ကြက်ခြံအတွက် အလားအလာရှိသော ရွေးချယ်မှုမဟုတ်ပါက ကုမ္ပဏီသည် ဝန်ထမ်းများအား ဤနယ်ပယ်များတွင် ကောင်းစွာ လေ့ကျင့်သင်ကြားထားကြောင်း စာရွက်စာတမ်းများကို ပြသရပါမည်။ လေ့ကျင့်ရေး စာရွက်စာတမ်းများ၊ ဝန်ထမ်းအင်တာဗျူးများနှင့်/သို့မဟုတ် စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ်တို့ဖြင့် သက်သေပြနိုင်ပါသည်။ စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ် (COC) ဆိုသည်မှာ စည်းမျဉ်းများ သို့မဟုတ် ဝန်ဆောင်မှုများ၏ သတ်မှတ်ချက်ပြည့်မီမှုအတိုင်းအတာကို အသိအမှတ်ပြုရန် အာဏာပိုင်က လက်မှတ်ရေးထိုးထားသော သို့မဟုတ် အခြားနည်းအားဖြင့် သက်သေခံထားသော စာရွက်စာတမ်းဖြစ်သည်။

အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဝန်ထမ်းများသည် အဆိုပါအခြေအနေများတွင် လိုက်နာကျင့်သုံးနိုင်သည့် အရေးပေါ်အစီအစဉ်များနှင့် အရေးကြီးသော ဆက်သွယ်ရန်နံပါတ်များ ပါဝင်သည့် စာဖြင့်ရေးသားထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့် ဖန်တီးထားသော အရေးပေါ်တုံ့ပြန်မှု အစီအစဉ်တစ်ခု ရှိရပါမည်။ တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများက ပြည့်စုံလုံလောက်စွာ ရရှိနိုင်ရန်အတွက် အရေးပေါ် တုံ့ပြန်မှု အစီအစဉ်ကို ပင်မရုံးနှင့် ကြက်ခြံတိုင်းတွင် ကပ်ထားရပါမည်။


**အတိအကျအားဖြင့် အရေးပေါ် တုံ့ပြန်မှု အစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-**

- အရေးပေါ် ဆက်သွယ်ရန် အချက်အလက်နှင့် နံပါတ်များ၊ ဥပမာ- မီးသတ်ဌာန၊ ဒေသဆိုင်ရာ ရေ/မီးအသုံးဝန်ဆောင်မှုဌာနများ စသည်။
- တာဝန်ရှိသော မွေးမြူရေးခြံအလုပ်သမား အနည်းဆုံး သုံးဦးအတွက် အဓိကဆက်သွယ်ရန်နံပါတ်များနှင့် အခြားဆက်သွယ်ရန်နံပါတ်များအပြင် လိုအပ်ပါက တာဝန်ရှိသူအားလုံးကို ဆက်သွယ်နိုင်ကြောင်း သေချာစေရန် "အဆင့်ဆင့် ဆက်သွယ်ရန် ဖုန်းနံပါတ်စာရင်း" တစ်ခု။
- တိရစ္ဆာန်များ၏ ကောင်းကျိုးချမ်းသာကို ကာကွယ်ရန်အတွက် အရေးပေါ်အခြေအနေများကို ရင်ဆိုင်ဖြေရှင်းရန် အရေးပေါ်အစီအစဉ်များနှင့် ကြိုတင်ကာကွယ်မှုများ၊ မီးလောင်မှု၊ ရေကြီးမှု၊ မုန်တိုင်း သို့မဟုတ် အခြားဆိုးရွားသောရာသီဥတု၊ ဓာတ်အားပြတ်တောက်မှု သို့မဟုတ် ရေပြတ်တောက်မှု စသည်တို့ကဲ့သို့ အရေးပေါ်အခြေအနေကို ကြုံတွေ့ရသူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ။

ထိုသို့သော အခြေအနေများတွင် ဝန်ထမ်းများလိုက်နာရမည့် အရေးကြီးသော ကြိုတင်ကာကွယ်ရေး အဆင့်များ၊ အရေးပေါ်လုပ်ဆောင်မှုနှင့် အရေးပေါ် အခြေအနေများ ပါဝင်သည့် မွေးမြူရေးခြံအတွက် သီးခြား စာဖြင့် ရေးသားထားသော သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့် ဖန်တီးထားသော မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်ရှိရပါမည်။

**မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-**

- ဝန်ထမ်းအားလုံးအတွက် မီးဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (မီးသတ်ဆေးဘူး အသုံးပြုနည်း)။
- မီးလောင်လွယ်သော ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရန်နှင့် နေရာချထားရန် အစီအစဉ်။
- မီးလောင်လွယ်သော ပစ္စည်းများကို မီးလောင်စေသည့် ပင်မရင်းမြစ်များနှင့် ဝေးရာတွင် ထားရှိရန် အစီအစဉ်။
- ဆေးလိပ်မသောက်ရ မူဝါဒ။
- လျှပ်စစ်စနစ်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း အစီအစဉ်။
- လျှပ်စစ်ပန်နယ်များ၊ မော်တာများ သို့မဟုတ် အခြားအန္တရာယ်ရှိသောပစ္စည်းများတွင် ဖုန်မှုန့်များ စုပုံနိုင်ခြေကို စောင့်ကြည့်ထိန်းချုပ်ရန် အစီအစဉ်။
- လေဝင်လေထွက် ပန်ကာများနှင့် အပူပေးစက်များကို ပုံမှန်သန့်ရှင်းရန် အစီအစဉ်။

အသားစားကြက် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းစဉ်များတစ်လျှောက် တိရစ္ဆာန်များကို ပြုစုစောင့်ရှောက်ကြောင်း သေချာစေရန်အတွက် တိရစ္ဆာန်ထုတ်လုပ်ရေးနှင့် အဆောက်အအုံပတ်ဝန်းကျင်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ အဆောက်အအုံပတ်ဝန်းကျင်ဆိုင်ရာ မှတ်တမ်းများကို ကြက်အုပ်တစ်အုပ်စီအတွက် စစ်ဆေးမှုပြုလုပ်ချိန်တွင် ရရှိနိုင်ရမည်ဖြစ်ပြီး ၎င်းတွင် အနည်းဆုံးအနေဖြင့်- စုစုပေါင်း အသုံးပြုနိုင်သည့် ကြမ်းခင်းဧရိယာ၊ စုစုပေါင်း ထားရှိသော အသားစားကြက်ကောင်ရေ၊ စုစုပေါင်း ရေပေးစက်နှင့် အစာကျွေးစက် အရေအတွက်တို့ ပါဝင်ရမည်။ (စစ်ဆေးမှုပြုလုပ်ချိန်တွင်) လက်ရှိကြက်အုပ်အတွက် ဤမှတ်တမ်းများကို မွေးမြူရေးခြံ အချက်အလက်စာရွက်ပုံစံဖြင့် ပေးအပ်နိုင်သည်။

## အာဟာရ

အသားစားကြက်များ၏ အပြည့်အဝကျန်းမာမှုကို ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော ကျန်းမာပျော်ရွှင်မှု အခြေအနေကို မြှင့်တင်ရန် (ဖမ်းယူသည့်ကာလမှလွဲ၍) အသားစားကြက်များအတွက် အာဟာရမျှတသော အစားအစာနှင့် သောက်ရေသန့်ကို အဆက်မပြတ် ရရှိစေခြင်းဖြင့် ၎င်းတို့သည် မလိုလားအပ်သော ငတ်မွတ်ခြင်း၊ ရေငတ်ခြင်းနှင့် အာဟာရချို့တဲ့ခြင်းမှ ကင်းဝေးနေရမည်။ အလွန်အကဲ လုယက်စားသောက်နေစရာမလိုသည့် နည်းလမ်းဖြင့် အသားစားကြက်များကို အစာနှင့်ရေ ဖြန့်ဖြူးပေးရမည်။ အသားစားကြက်များသည် အစာနှင့်ရေကို လုံလောက်စွာရရှိကြောင်း သေချာစေရန်အတွက် တစ်ကောင်ချင်းစီ၏ အစာရေစာရရှိနိုင်မှုကို နေ့စဉ်စစ်ဆေးရမည်ဖြစ်ပြီး ရေသောက်နှုန်းကို အပတ်စဉ် စစ်ဆေးရပါမည်။

ကြက်အုပ်ဆေးကုဆရာဝန်မှ အခြားညွှန်ကြားထားခြင်းမရှိပါက အမျိုးသား သုတေသနကောင်စီ (NRC) ၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိစေရန် သို့မဟုတ် ယင်းထက်ပိုမိုကောင်းမွန်စေရန် အသားစားကြက်များကို ကျွေးထားသည့် အစာ(များ)အား အရည်အချင်းပြည့်မီသော အာဟာရပညာရှင်က သင့်တင့်မျှတအောင် ပြုလုပ်ပေးရမည်ဖြစ်ပြီး လုံလောက်၍ သန့်ရှင်းသောရေကို ရရှိနိုင်ရပါမည်။ ကြက်အုပ်ဆေးကုဆရာဝန်မှ ညွှန်ကြားထားခြင်းမရှိပါက (အိုင်အွန်နိုဖောနှင့် ကော့စီဒိုင်အိုစတက်တို့မှလွဲ၍) အသားတိုးဆေးများ၊ အစာထဲတွင် ရောကျွေးသည့် ပဋိဇီဝဆေးများနှင့် ပိုးသတ်ဆေးများကို ခွဲတမ်းချ၍မကျွေးသင့်ပါ။ အစာမသန့်မပြန့်ဖြစ်နေလျှင် သို့မဟုတ် အခြားပြဿနာများရှိလာခဲ့လျှင် အစာတွင်ပါဝင်သော ပစ္စည်းများ၏ ရင်းမြစ်ကို ခြေရာခံနိုင်ရန် အစာရောစပ်သည့် အစာကျွေးစက်များ၏ မှတ်တမ်းများနှင့် အသုံးပြုခဲ့သည့် ပါဝင်ပစ္စည်းအားလုံး၏ မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်ကြာ သိမ်းဆည်းထားရမည်။

အစာကျွေးစက်နှင့် ရေပေးစက်တစ်ခုလျှင် ထားရှိရမည့် အသားစားကြက်ကောင်ရေသည် စက်ကိရိယာထုတ်လုပ်ရေးကုမ္ပဏီက ၎င်းတို့၏ စာရွက်စာတမ်းများတွင် သတ်မှတ်ထားသော အများဆုံးအရေအတွက်အောက် သို့မဟုတ် ယင်းအရေအတွက်အတိုင်း ဖြစ်ရမည်။ အခြားနည်းအားဖြင့် အစာကျွေးစက်ထုတ်လုပ်ရေးကုမ္ပဏီက သတ်မှတ်ထားပြီး တိရစ္ဆာန်မွေးမြူထုတ်လုပ်သူက မှတ်တမ်းတင်ထားခြင်းမရှိပါက ကြက်ပေါက်များ အစာရှာဖွေနိုင်ပြီး ပုံမှန်အစာကျွေးစက်များ[3]နှင့် ကျင့်သားရလာစေရန်အတွက် ၎င်းတို့၏ ပထမအပတ်အတွင်း ဖြည့်စွက်အစာကျွေးပေးရမည်။ လတ်ဆတ်သော အစားအစာဖြစ်ရမည့်အပြင် ၎င်းကို မသန့်မပြန့်ဖြစ်နေသော (ဆိုလိုသည်မှာ- မှိုတက်သော၊ စိုစွတ်သော၊ ကြွက်ချေးများဖြင့် ညစ်ပတ်နေသော) သို့မဟုတ် အောက်သိုးနံ့စော်နေသော အခြေအနေတွင် မထားရှိရပါ။

စက်ပိတ်ထားချိန် သို့မဟုတ် ချွတ်ယွင်းမှုဖြစ်သည့်အချိန်အတွင်း အနည်းဆုံး 24 နာရီကြာအောင် သန့်ရှင်းသောရေကို ပေးဝေနိုင်ရန်အတွက် လုပ်ငန်းခွင်တွင်း ပြဋ္ဌာန်းချက်များ ထားရှိရမည်။ ရေပေးစက်များကို အဆင်ပြေသောဒီဇိုင်းပုံစံဖြင့် ပြုလုပ်ထားသင့်ပြီး ရေယိုဖိတ်မှုကို လျှော့ချရန်နှင့် ကြက်ချေးစွန့်အခင်း ရှင်းလင်းထိန်းသိမ်းရာတွင် ပြဿနာများမဖြစ်စေရန်အတွက် အသားစားကြက်များ၏ အရွယ်အစားနှင့် အသက်အရွယ်အလိုက် သင့်လျော်သောအမြင့်တွင် ထားရှိသင့်သည်။

စစ်ဆေးမှုပြုလုပ်ချိန်တွင် စမ်းသပ်ကြည့်ထားသော ရေပေးစက်များအနက် အလုပ်မလုပ်သည့်စက်သည် 10% ထက် မပိုစေရပါ။ စစ်ဆေးရေးမှူးသည် ရေပေးဝေမှုပိုက်လိုင်းအားလုံးနှင့် သိုလှောင်ရုံ၏ အစိတ်အပိုင်းများစွာကို ကိုယ်စားပြုသည့် အနည်းဆုံး ရေပေးစက် 10 လုံးကို စမ်းသပ်ရန်အတွက် ကျပန်းရွေးချယ်သင့်သည်။ ဥပမာအားဖြင့် စစ်ဆေးရေးမှူးသည် ရေပေးဝေမှုပိုက်လိုင်းတစ်ခုစီရှိ ရေပေးစက်အနည်းငယ်နှင့် ကြက်ခြံ၏အပိုင်းတစ်ခုစီရှိ ရေပေးစက်အနည်းငယ်ကို စမ်းသပ်ရန်အတွက် ရွေးချယ်သင့်သည်။ စစ်ဆေးမှုပြုလုပ်ချိန်တွင် စမ်းသပ်ကြည့်ထားသော ရေပေးစက် 10 လုံးအနက် အလုပ်မလုပ်သည့်စက်သည် 1 လုံးထက် မပိုရပါ။

## မီးအလင်းပေးခြင်း

သင့်လျော်သော အလင်းရောင်ပမာဏနှင့် အလင်းပြင်းအားသည် အသားစားကြက်များ၏ ပတ်ဝန်းကျင်အတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မီးအလင်းပေးခြင်းကို အသားစားကြက်များအတွက် အဆင်အပြေဆုံးဖြစ်စေရန်လည်း စီမံပေးရမည်။ မီးအလင်းပေးခြင်း အစီအစဉ်သည် ကြီးထွားမှုစွမ်းဆောင်ရည်၊ ကြွက်သားဖွံ့ဖြိုးမှု၊ ခြေထောက်ပုံစံမမှန်ခြင်းများနှင့် အသားစားကြက်များ၏ အပြုအမူအပေါ် သက်ရောက်မှုရှိနိုင်သည်[3]။ အလင်းရောင်အားနည်းလွန်းလျှင် မျက်စိကွယ်ခြင်း ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသဖြင့် အလင်းပြင်းအားသည် မီးအလင်းပေးခြင်း အစီအစဉ်၏ အရေးကြီးသော နယ်ပယ်တစ်ခုဖြစ်သည်[3]။ ကြက်ပေါက်များအတွက် အသုံးပြုသည့် မီးအလင်းပေးခြင်း အစီအစဉ် အတိအကျကို တိရစ္ဆာန်မွေးမြူထုတ်လုပ်သူက မှတ်တမ်းတင်ထားရမည် ဖြစ်သော်လည်း အသေးစိတ်အချက်များကိုမူ ထိုစံချိန်စံညွှန်းများဖြင့် သတ်မှတ်မည်မဟုတ်ပါ။ ကြက်ပေါက်များအား အစာနှင့်ရေ ရှာဖွေနိုင်အောင် ကူညီပေးရန် ပထမပတ်အတွင်း အလင်းပေးအဆင့်များကို တိုးမြှင့်ရန်၊ ပထမနေ့အတွက် 24 နာရီကြာ အလင်းပေးပြီး နောက်တစ်ရက်စီတွင် 1 နာရီချင်းစီတိုး၍ အမှောင်ချပေးပြီး လေးရက်မြောက်နေ့တွင် 4 နာရီကြာ အမှောင်ချပေးရန် အကြံပြုထားသည်။

အောက်ပါ သတ်မှတ်ချက်များသည် မျက်နှာကြက်တွင် မီးများတပ်ဆင်ကာ ကြက်ခြံတစ်ခုလုံးအား မီးအားနှင့် အရောင် တစ်ညီတစ်ညာတည်း အလင်းပေးသည့် သမားရိုးကျ အလင်းပေးစနစ်ကို အသုံးပြုသော ကြက်ခြံများနှင့် လျှပ်စစ်မီးရောင်ကို အသုံးမပြုဘဲ သဘာဝအလင်းရောင် သို့မဟုတ် နေရောင်ခြည်ကို အသုံးပြုသော ကြက်ခြံများနှင့် သက်ဆိုင်ပါသည်။ 7 ရက်သားနှင့်အထက်ရှိသော အသားစားကြက်ပေါက်များအတွက် မီးအလင်းပေးခြင်း အစီအစဉ်သည် 24 နာရီကာလတိုင်းတွင် နေ့ဘက်အလင်းပေးချိန် အနည်းဆုံး 8 နာရီဆက်တိုက်ကြာ အလင်းပေးသည်။ နေ့ဘက်အလင်းပေးချိန်တွင် အလင်းအားသည် ပစ္စည်းအရိပ်ကျသည့်နေရာများမှလွဲ၍ တစ်ခြံလုံးလင်းသော အသားစားကြက်များ[4]၏ ဦးခေါင်းအထက်အမြင့်၌ ပျမ်းမျှ အနည်းဆုံး 10 lux (1 ပေ ဖယောင်းတိုင်အလင်း) ရှိရပါမည်။ ဖြည့်စွက်အလင်းရောင်ကို ပေးထားသည့်နေရာတွင် တစ်ညီတစ်ညာတည်း အလင်းပေးသင့်သည်။ အနည်းဆုံး ဆက်တိုက်အမှောင်ချမှု 4 နာရီကာလ သို့မဟုတ် ထို့ထက်ပိုနည်းလျှင် သဘာဝအတိုင်း မှောင်သည့် ကာလတစ်ခုလည်း ရှိရပါမည်။ 'အမှောင်ချ' ကာလတွင် အလင်းပြင်းအားသည် 1 lux (0.1 ပေ ဖယောင်းတိုင်အလင်း) ထက် မပိုစေရန် အကြံပြုထားသည်။

ရောင်ပြေးအလင်းပေးစနစ်ဖြင့် အလင်းပေးနိုင်ပြီး ၎င်းကို အနိမ့်အမြင့် အလင်းပေးစနစ်၊ အလင်းအားနှစ်မျိုးဖြင့် အလင်းပေးခြင်း သို့မဟုတ် ပြောင်းလဲနိုင်သော အလင်းပေးခြင်းဟုလည်း ရည်ညွှန်းပါသည်။ ရောင်ပြေးအလင်းပေးစနစ်များသည် အသားစားကြက်များ၏ ဦးခေါင်းအမြင့်အထက်၊ အစာကျွေးလိုင်းပေါ်တွင် အလင်းပြင်းအား (20 lux နှင့်အထက်) ဖြင့် အလင်းပေးပြီး ကြက်ခြံ၏ ကျန်ရှိသည့်နေရာများတွင် (အနည်းဆုံး 1 lux ရှိသော) မှိန်ပျပျအလင်းပေးရမည်။ တောက်ပသော အလင်းရောင် ပေးခြင်းသည် အသားစားကြက်များ[5]၏ သက်သောင့်သက်သာရှိမှုနှင့် စည်းချက်ညီသော အပြုအမူကို မြှင့်တင်ပေးနိုင်ကြောင်း တွေ့ရှိထားသည်။ ရောင်ပြေးအလင်းပေးစနစ်သည် သဘာဝ အမူအကျင့်များကို ဖော်ပြနိုင်စွမ်းနှင့် ကိုယ်လက်လှုပ်ရှားမှု မြင့်တက်လာခြင်း၊ ဦးနှောက်ကို ကောင်းကျိုးပေးစေသည့် မျိုးဗီဇများ၏ တိုးတက်လာမှုများအား ပိုမိုဖော်ပြလာခြင်းနှင့် အသည်း၏ ဇီဝဖြစ်စဉ်တို့ကို တိုးတက်စေကြောင်း တွေ့ရှိထားသည်[6,7]။

7 ရက်သားအရွယ်နှင့်အထက် အသားစားကြက်များအတွက် မီးအလင်းပေးခြင်း အစီအစဉ်သည် 24 နာရီကာလတိုင်းတွင် နေ့ဘက်အလင်းပေးချိန် အနည်းဆုံး 8 နာရီဆက်တိုက်ကြာ အလင်းပေးပြီး အနည်းဆုံး 4 နာရီကြာ ဆက်တိုက်အမှောင်ချမှု သို့မဟုတ် သဘာဝအတိုင်း မှောင်သည့် ကာလတစ်ခုလည်း ရှိရပါမည်။

## တိရစ္ဆာန် ကျန်းမာရေး အစီအစဉ်

တိရစ္ဆာန် ကျန်းမာရေး အစီအစဉ် (AHP) သည် ကြက်အုပ်အတွင်း ရောဂါများ မပြန့်ပွားအောင် တားဆီးရန်၊ ထိန်းချုပ်ရန်နှင့် ကုသရန်အပြင် အသားစားကြက်များ၏ ကျန်းမာပျော်ရွှင်မှုကို ညွှန်ပြသည့်အချက်အလက်အဖြစ် ကြက်အုပ်၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန်အတွက် ကြက်အုပ်ဆေးကုဆရာဝန်နှင့်အတူ ရေးဆွဲထားသော ပေါင်းစပ်အစီအစဉ်တစ်ခု ဖြစ်သင့်သည်။ အစီအစဉ်တွင် ရောဂါမပြန့်ပွားအောင် တားဆီးရန်၊ ထိန်းချုပ်ရန်နှင့် ကုသရန် အသေးစိတ် လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေး သို့မဟုတ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်ကိစ္စကို တိရစ္ဆာန်ဆေးကုဆရာဝန်မှ စုံစမ်းစစ်ဆေးရန် လိုအပ်သည့်အချိန်ကို လမ်းညွှန်ပေးသော စံသတ်မှတ်ချက်များနှင့် ယခင်အတွေ့အကြုံကို အကဲဖြတ်ရန် ထိန်းသိမ်းထားရမည့် ကျန်းမာရေး သို့မဟုတ် ကုသမှုမှတ်တမ်းများ ပါဝင်သင့်သည်။

မှတ်ချက်- ပဋိဇီဝဆေးကင်းစင်သော မွေးမြူထုတ်လုပ်ရေး မူဝါဒကို ထိန်းသိမ်းထားရန်အလို့ငှာ ကုသမှုကို မည်သည့်အခါမျှ မပြုလုပ်ဘဲမနေရပါ။ ပဋိဇီဝဆေးကင်းစင်သော မွေးမြူထုတ်လုပ်ရေး မူဝါဒက မည်သို့ပင်ရှိစေကာမူ ကြက်အုပ်ဆေးကုဆရာဝန်က ညွှန်ကြားပါက အသားစားကြက်များကို ပဋိဇီဝဆေးများအပါအဝင် သင့်လျော်သောကုသမှုကို ပေးရပါမည်။







**တိရစ္ဆာန် ကျန်းမာရေး အစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-**

- သက်တမ်းရှိ လိုင်စင်ရရှိထားသော ကြက်အုပ်ဆေးကုဆရာဝန်နှင့် တိုင်ပင်ဆွေးနွေး၍ AHP ကို ရေးဆွဲဖန်တီးထားကြောင်းနှင့် ၎င်းကို နှစ်စဉ်ပြန်လည်သုံးသပ်ကြောင်း စာရွက်စာတမ်း။
- အမွေးအတောင်ဆိတ်ခြင်းဆိုင်ရာ ပြဿနာများကို လျှော့ချရန်အတွက် ကြက်အုပ်ဆေးကုဆရာဝန်က ကုသမှုအတွက် နှုတ်သီးဖြတ်ရန်/ကုသရန် လိုအပ်သည်မှလွဲ၍ အသားစားကြက်များကို ခြေချောင်းဖြတ်ထားခြင်း/ကုသထားခြင်း၊ နှုတ်သီးဖြတ်ထားခြင်း/ကုသထားခြင်း သို့မဟုတ် အမောက်နှင့် လည်ပျဉ်းဖြတ်ထားခြင်းတို့ကို ပြုလုပ်မထားကြောင်း စာရွက်စာတမ်း။
- ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြည့်အစုံ (ကာကွယ်ဆေး၊ ရက်စွဲနှင့် ဆေးထိုးပေးသည့်လမ်းကြောင်း)။
- ကြက်အုပ်၏ ပုံမှန်မဟုတ်သော အပြုအမူများ၊ ထိခိုက်ဒဏ်ရာ ဖြစ်ပွားမှု သို့မဟုတ် ရောဂါဖြစ်ပွားမှု မှတ်တမ်းများ
- ကုသမှု လုပ်ထုံးလုပ်နည်းများနှင့် ကုသမှုမှတ်တမ်းများ အပြည့်အစုံ (ဆေး(များ)၏ အမျိုးအစားနှင့် ပမာဏ၊ ရက်စွဲ၊ ဆေးတိုက်ကျွေးသည့်လမ်းကြောင်း၊ အကြောင်းရင်း၊ ဆေးဖြတ်မည့်ရက်)။
- ပဋိဇီဝဆေးဝါးများအား အသုံးပြုကုသမှုသည် FDA မှ နောက်ဆုံးထုတ်ပြန်ထားသော မွေးမြူရေးတိရစ္ဆာန်ဆေးကု ဆရာဝန်များ8အတွက် ပဋိဇီဝပိုးသတ်ဆေးများအား နိုင်းချင့်အသုံးပြုမှုနှင့် ကိုက်ညီရမည်ဖြစ်ပြီး ကြက်အုပ်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်နှင့် ဆေးဖြတ်သည့်ကာလများကိုလည်း လိုက်နာကြောင်း စာရွက်စာတမ်းများ။
- သန်ချဆေးနှင့် မှိုသတ်ဆေးများအား အသုံးပြုကုသမှုသည် ကြက်အုပ်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်နှင့် ဆေးဖြတ်ပြီး စောင်းဆိုင်းရမည့် ကာလသတ်မှတ်ချက်များကိုလည်း လိုက်နာကြောင်း စာရွက်စာတမ်းများ။
- မည်သည့်ခွဲစိတ်မှု လုပ်ထုံးလုပ်နည်းမဆို၏ မှတ်တမ်းများ။

သီးခြား အသားစားကြက် စွမ်းဆောင်ရည် စံသတ်မှတ်ချက်များကို AHP ၏ ကြက်အုပ်စွမ်းဆောင်ရည် ကန့်သတ်ချက်အပိုင်းတွင် ဖော်ပြထားပြီး ၎င်းသည် ကျန်းမာသော ကြက်အုပ်တစ်အုပ်က မည်ကဲ့သို့စွမ်းဆောင်မည်ဟု မျှော်လင့်ထားကြောင်း ရှင်းပြထားသည့်အပြင် ကျန်းမာရေး သို့မဟုတ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်ကိစ္စရှိ၊ မရှိ ဖော်ထုတ်တွေ့ရှိရန် ကူညီပေးနိုင်သည်။ ကြက်အုပ်စွမ်းဆောင်ရည် ကန့်သတ်ချက် လက်ခံနိုင်မှုအဆင့်များကို မွေးမြူရေးခြံ သို့မဟုတ် ကုမ္ပဏီက ကြက်အုပ်ဆေးကုဆရာဝန်နှင့်ဆွေးနွေး၍ သတ်မှတ်ထားပြီး ရောဂါရှိ၊ မရှိ သို့မဟုတ် မွေးမြူထုတ်လုပ်မှုဆိုင်ရာ မူမမှန်မှုများရှိ၊ မရှိ ညွှန်ပြသော လက္ခဏာများအဖြစ် ၎င်းတို့ကို စောင့်ကြည့်စစ်ဆေးရမည်။ ဤစံသတ်မှတ်ချက်များကို ပုံမှန်တိုင်းတာပြီး မှတ်တမ်းတင်ထားရမည်။

**အတိအကျအားဖြင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်တွင် အောက်ပါတို့ ပါဝင်ရမည်-**

- ခန္ဓာကိုယ်အလေးချိန် ခန့်မှန်းချက်များ၊ အစာနှင့်ရေ သောက်သုံးမှု၊ ကြက်အုပ် သေဆုံးမှုရာခိုင်နှုန်းနှင့် ကြက်အုပ်ထဲရှိ ရောဂါဖြစ်နေသောကြက်များအား ရှင်းလင်းမှုရာခိုင်နှုန်းအတွက် လက်ခံနိုင်မှုအဆင့်များကို သတ်မှတ်ရမည်။
- နေရာချထားမှုအပြီး 7 ရက်ပြည့်ပြီးနောက် 24 နာရီအတွင်း ကြက်ခြံတစ်ခြံ၏ သေဆုံးမှုအဆင့်သည် 1.5% ထက် များနေလျှင် ပြဿနာဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပြဿနာကုစားဖြေရှင်းရန် လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် တိရစ္ဆာန်ဆေးကုဆရာဝန်က စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်။
- ကြက်အုပ်စွမ်းဆောင်ရည် ကန့်သတ်ချက်များသည် လက်ခံနိုင်မှုအဆင့်များအောက် ကျဆင်းပါက ကြက်အုပ်ဆေးကုဆရာဝန် သို့မဟုတ် စနစ်တကျ လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများကို အကြောင်းကြားပြီး ပြဿနာကို ကုစားဖြေရှင်းရန် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်တစ်ခု ရေးဆွဲရမည်။



တိရစ္ဆာန်များ၏ လှုပ်ရှားမှုများကို ထည့်သွင်းတွက်ချက်ကြောင်းနှင့် ကောင်းမွန်သော တိရစ္ဆာန်ကျန်းမာရေးအတွက် ထုတ်လုပ်မှုနှင့်ဆက်စပ်သည့် ဆောင်ရွက်ချက်များ (ဥပမာ၊ သေဆုံးမှုနှုန်းနှင့် ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းမှု) ကို ကြက်အုပ်တစ်အုပ်စီအတွက် စောင့်ကြည့်ပြီး ဖြည့်ဆည်းပေးကြောင်း သေချာစေရန် တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုမှတ်တမ်းများကို မွေးမြူရေးခြံတိုင်းတွင် သိမ်းဆည်းထားရမည်။ မွေးမြူထုတ်လုပ်မှု မှတ်တမ်းများတွင် နေ့စဉ်ကြက်ခြံအပူချိန်များကို စစ်ဆေးပြီး မှတ်တမ်းတင်ထားကြောင်းနှင့် အသားစားကြက်များကို လေ့ကျင့်သင်ကြားမှုရရှိသော ဝန်ထမ်းများက တစ်နေ့လျှင် နှစ်ကြိမ် စစ်ဆေးထားကြောင်း အထောက်အထားလည်း ပါဝင်ရမည်။ အသားစားကြက်များ၏ ကျန်းမာပျော်ရွှင်ရေးအတွက် တိုင်းတာချက် ရရှိရန် ၎င်းတို့ကို နေ့စဉ်စောင့်ကြည့်လေ့လာရန် မဖြစ်မနေလိုအပ်သည်။

ကြက်အုပ်တစ်အုပ်စီအတွက် ထိုကြက်အုပ်သက်တမ်း၏ နောက်ဆုံးနှစ်ပတ်အတွင်း မွေးမြူရေးခြံမှလုပ်ဆောင်သော လမ်းလျှောက်ဟန် အမှတ်ပေးခြင်း မှတ်တမ်းများကို အနည်းဆုံးတစ်နှစ်ကြာ သိမ်းဆည်းထားရမည်။ ကြက်အုပ်တစ်အုပ်စီတွင် American Humane Certified™ မှ သတ်မှတ်ထားသည့် လက်ခံနိုင်မှုအဆင့် (လမ်းလျှောက်ဟန်ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက်မပိုစေရ) အတွင်း အကျုံးဝင်သော လမ်းလျှောက်ဟန်ရမှတ် အတိုင်းအတာများရှိကြောင်း မှတ်တမ်းများက ပြသရမည်။ လမ်းလျှောက်ဟန်ရမှတ် 2 မှတ်ရှိသော ကြက် 5 ကောင်ထက် ပိုများကြောင်း မှတ်တမ်းများက ပြသသောအခါ နောက်ဆက်တွဲ ကြက်အုပ်များအတွက် လမ်းလျှောက်ဟန်ရမှတ်များ တိုးတက်လာစေရန် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူက လုပ်ဆောင်ထားသည့် ကုစားရေး လုပ်ဆောင်ချက်များဆိုင်ရာ စာရွက်စာတမ်းများ ရှိရမည်။

AHP တွင် ရောဂါဖြစ်ပွားမှု၊ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များ ဖြစ်ပွားမှုမြင့်မားခြင်း သို့မဟုတ် ကြက်အုပ်မှ ကြက်အများစုက ပုံမှန်မဟုတ်သော အပြုအမူကို ပြသခြင်းတို့အား မည်သို့တုံ့ပြန်ရမည်ကို ဖော်ပြသည့် တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ် ပါဝင်သင့်သည်။ ကြက်အုပ်ဆေးကုဆရာဝန်သည် တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲရာတွင်လည်း ပါဝင်ရမည်ဖြစ်ပြီး ကြားဝင်ဆောင်ရွက်ပေးရန် လိုအပ်သည့်အချိန်ကို တိရစ္ဆာန်မွေးမြူထုတ်လုပ်သူအား အကြံပေးရမည်။

**တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ်တွင် အထူးသဖြင့် ပါဝင်ရမည်မှာ-**

- တိရစ္ဆာန်စွမ်းဆောင်ရည် ကန့်သတ်ချက်များသည် လက်ခံနိုင်မှုကန့်သတ်ချက်များအောက်သို့ ကျဆင်းသွားစေသည့် ပြဿနာများကို ကုစားဖြေရှင်းရန် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ။
- မှတ်တမ်းများကို သိမ်းဆည်းထားလျက် စီမံခန့်ခွဲမှုစနစ်တွင် သင့်လျော်သော ချက်ချင်းပြောင်းလဲမှုများ ပြုလုပ်ခြင်း အပါအဝင် ပုံမှန်မဟုတ်သော အပြုအမူများ ဖြစ်ပွားပါက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ။
- နာတာရှည်အဆစ်အမြစ်ရောဂါ သို့မဟုတ် ခြေထောက်ပုံပျက်ခြင်းကြောင့် ဝေဒနာမခံစားရလေအောင် ထိန်းချုပ်ဖြေရှင်းပေးသည့် စီမံခန့်ခွဲမှုအစီအစဉ်များ၊ ၎င်းတွင် ပါဝင်သည်မှာ-
- လက်ရှိတွေ့ရသောနေရာတွင် ဆိုးရွားလာသော ပြဿနာ ဆက်မဖြစ်ကြောင်း သေချာစေရန် ခြေထောက်ပုံစံမမှန်ခြင်းနှင့်/သို့မဟုတ် ပုံပျက်ယွင်းခြင်းကြောင့် ကြက်များအား ရွေး၍သုတ်သင်ခြင်းဆိုင်ရာ နေ့စဉ်စစ်ဆေးမှု မှတ်တမ်းများကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း။
- ထိုသို့သော ဖြစ်ရပ်များမှ သက်သာစေရန်/ ကာကွယ်နိုင်ရန် ကြက်အုပ်ဆေးကုဆရာဝန်ထံမှ အကြံပြုချက်များနှင့် လမ်းညွှန်ချက်။
- မျက်စိပြဿနာများ လျော့ပါးစေရန်အတွက် လုပ်ဆောင်ချက်များ ပါဝင်သော မျက်လုံးအခြေအနေများအတွက် စောင့်ကြည့်ခြင်း အစီအစဉ်များ။
- ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များ သို့မဟုတ် ကိုင်တွယ်မှု လုပ်ထုံးလုပ်နည်းကြောင့် ဖြစ်လေ့ရှိသော အကြောင်းရင်းတစ်ခုရှိကြောင်း အကြံပြုရန် အသားစားကြက်များစွာတွင် တွေ့ရသော ခဏခဏဖြစ်ပွားသည့် ဒဏ်ရာများမှ လျော့ပါးစေရေး/တားဆီးရေးအတွက် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ။
- အစာအဆိပ်သင့်စေသည့် Salmonella ပိုး၊ ဝမ်းပျက်စေသည့် Campylobacter ပိုးနှင့် အစာဘေးကင်းရေးဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်များ ဖြစ်စေသော အခြားသက်ရှိပိုးမွှားများကို လျှော့ချရေးနှင့် ထိန်းချုပ်ရေးအတွက် လက်ခံကျင့်သုံးပြီး လိုက်နာဆောင်ရွက်သော အစီအစဉ်။

## စာဖြင့်ရေးသားထားသော ညင်သာစွာသတ်ခြင်း မူဝါဒ

ညင်သာစွာသတ်ခြင်း မူဝါဒကို သက်တမ်းရှိ လိုင်စင်ရထားသော ကြက်အုပ်ဆေးကုဆရာဝန်မှ ရေးသားပြုစုရမည်ဖြစ်ပြီး ၎င်းတွင် ပုံမှန်ညင်သာစွာသတ်ခြင်း (ရောဂါဖြတ်နေသော ကြက်များအား ရှင်းလင်းခြင်း)၊ ကြက်အုပ်လိုက် ညင်သာစွာသတ်ခြင်းနှင့် အရေးပေါ် အခြေအနေအတွက် ညင်သာစွာသတ်ခြင်း (ရောဂါဖြစ်ပွားမှု အလွန်မြင့်မားသော ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့ ရောဂါဖြစ်ပွားနေစဉ်အတွင်း အစုလိုက် ရှင်းပစ်ခြင်း အပါအဝင်) အတွက် ပြဋ္ဌာန်းချက်များ ပါဝင်ရမည်။ ညင်သာစွာသတ်ခြင်းကို ကောင်းစွာ လေ့ကျင့်သင်ကြားထားသော (စာရွက်စာတမ်းများရှိသည့်) ဝန်ထမ်း သို့မဟုတ် ကြက်အုပ်ဆေးကုဆရာဝန်မှသာလျှင် လုပ်ဆောင်သင့်သည်။





## ညင်သာစွာသတ်ခြင်း မူဝါဒတွင် အောက်ပါတို့ ပါဝင်ရမည်-

- ညင်သာစွာသတ်ခြင်း လုပ်ဆောင်ရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားထားသော မွေးမြူရေးခြံဝန်ထမ်း သို့မဟုတ် ကြက်အုပ်ဆေးကုဆရာဝန်ကိုသာလျှင် ခွင့်ပြုထားကြောင်း တရားဝင်ကြေညာထားသည့် ထုတ်ပြန်ချက်။

- လေ့ကျင့်သင်ကြားမှုမှတ်တမ်းတွင် အောက်ပါတို့ကို ဖော်ပြပေးထားရမည်- သင့်လျော်သော နည်းပညာများနှင့် သင့်လျော်သော စက်ကိရိယာများ အသုံးပြုခြင်းအပါအဝင် လေ့ကျင့်ထားသော မွေးမြူရေးခြံလုပ်သားများ၏ အမည်များ၊ သင်တန်းဆရာ၏အမည်၊ သင်တန်းတွင် ပို့ချခဲ့သည့် သီးခြားညင်သာစွာသတ်ဖြတ်နည်း(များ)၊ ကြက်သတ်ရာတွင် သင်တန်းသားများ၏ ကျွမ်းကျင်မှုအား သင်တန်းဆရာမှ ထောက်ခံထားသည့် အတည်ပြုချက်နှင့် သင်တန်းပေးခဲ့သော ရက်စွဲ(များ)။

- သင်တန်းတွင် အထက်ဖော်ပြပါ ဆက်စပ်မှတ်တမ်းနှင့်အတူ လက်တွေ့လေ့ကျင့်ရသော အပိုင်းလည်း ပါရှိရမည်။

- ညင်သာစွာသတ်ဖြတ်သည့် စက်ပစ္စည်းများအတွက် စက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ၏ အကြံပြုချက်များနှင့်အညီ စက်ပစ္စည်းကို ပြုပြင်ထိန်းသိမ်းထားကြောင်းနှင့် ၎င်းကို လုံခြုံစွာ သိမ်းဆည်းထားသော်လည်း လိုအပ်သည့်အချိန်တွင် ရရှိနိုင်ကြောင်း မှတ်တမ်း။

- နောက်ထပ်ဝေဒနာမခံစားရလေအောင် ညင်သာစွာသတ်ခြင်းကို ချက်ချင်းလုပ်ဆောင်ရမည်ဖြစ်ပြီး နည်းလမ်းများသည် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်းမှ နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရမည်[1]။

- ညင်သာစွာသတ်ခြင်းကို လုပ်ဆောင်သူများသည် အသားစားကြက်တိုင်းကို ကောင်းမွန်မှန်ကန်စွာ ညင်သာစွာသတ်ဖြတ်ထားပြီးဖြစ်ကြောင်း အတည်ပြုရမည်ဟု ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများ။ ပထမအကြိမ် ကြိုးပမ်းမှုတွင် ကောင်းမွန်မှန်ကန်စွာနှင့် ညင်သာစွာ သတ်ဖြတ်ခဲ့ခြင်း မရှိပါက အသားစားကြက် ဝေဒနာမခံစားရကြောင်း သေချာစေရန်အတွက် တူညီသော နည်းလမ်း သို့မဟုတ် အခြားနည်းလမ်းကို ချက်ချင်း လုပ်ဆောင်ရမည်။

- ပုံမှန် ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းခြင်းမှလွဲ၍ အခြားအခြေအနေများတွင် ညင်သာစွာသတ်ရသည့် အကြောင်းရင်း၊ အသတ်ခံရသော တိရစ္ဆာန်အရေအတွက်၊ ရက်စွဲနှင့် အသုံးပြုခဲ့သော လုပ်ထုံးလုပ်နည်းတို့ကို ဖော်ပြသည့် မှတ်တမ်းများ။

AVMA မှ ခွင့်ပြုပေးထားသော ညင်သာစွာ သတ်ဖြတ်သည့် နည်းလမ်းများကိုသာ အသုံးပြုခွင့်ပေးထားကာ နောက်ထပ်ဝေဒနာမခံစားရလေအောင် ထိုနည်းလမ်းများကို ချက်ချင်းလုပ်ဆောင်ရမည်ဖြစ်ပြီး နည်းလမ်းများသည် အမေရိကန် တိရစ္ဆာန်ဆေးပညာအသင်းမှ နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ AVMA လမ်းညွှန်ချက်များကို လိုက်နာရမည်။ စက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ၏ လမ်းညွှန်းချက်များနှင့်အညီ ညင်သာစွာ သတ်ဖြတ်ပေးသည့် စက်ပစ္စည်းမှန်သမျှကို ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ပြီး လုံခြုံ၍သန့်ရှင်းစွာ သိမ်းဆည်းထားရမည်။

## AVMA မှ ခွင့်ပြုထားသော ညင်သာစွာ သတ်ဖြတ်ပေးသည့် နည်းလမ်းများတွင် ပါဝင်သည်မှာ-

- အရေးပေါ်အခြေအနေတွင် သို့မဟုတ် အလွန်နည်းပါးသော အသားစားကြက် အရေအတွက်ကို ညင်သာစွာ သတ်ဖြတ်ပေးရန်အတွက် အသုံးပြုသည့် လည်လိမ်ချိုး၍ သတ်ခြင်း။ လည်လိမ်ချိုး၍ သတ်ခြင်းသည် လည်ပင်းရှိ ပထမဆုံး ကျောရိုးဆစ်ကို ဦးခေါင်းခွံမှ လွဲသွားစေရန် လည်ပင်းကို ဆန့်ထုတ်လိုက်ခြင်းဖြစ်ပြီး သွေးကြောမကြီးများကို များစွာ ထိခိုက်ပျက်စီးစေသည်။ ကျောရိုးကို နေရာလွဲအောင် လုပ်ရမည့်အစား ပလာယာကဲ့သို့သော ကိရိယာဖြင့် လည်ပင်းကိုထုခြင်းသည် လုံးဝ လက်ခံနိုင်ဖွယ်မရှိသည့် အပြုအမူဖြစ်သည်။

- လျှပ်စစ်ဖြင့် မူးမေ့သတိလစ်အောင်လုပ်ပြီး ချက်ချင်း လည်လှီးဖြတ်သတ်ခြင်း။

- Captive bolt သေနတ်ဖြင့် သတ်ဖြတ်ခြင်း။

- ကာဗွန်ဒိုင်အောက်ဆိုဒ် သို့မဟုတ် သင့်လျော်သော ဓာတ်ငွေ့/ဓာတ်ငွေ့အရောအနှောကို လက်ခံနိုင်သော ပမာဏများဖြင့် သင့်လျော်သောပုံးထဲသို့ ပို့လွှတ်ခြင်း။

- နောက်ဆုံးထုတ်ပြန်ထားသော တိရစ္ဆာန်များအား ညင်သာစွာသတ်ခြင်းဆိုင်ရာ AVMA လမ်းညွှန်ချက်များမှ ခွင့်ပြုထားသော အခြားနည်းလမ်းတစ်ခုခု[1]။

ထို့နောက် ညင်သာစွာသတ်ခြင်းကို လုပ်ဆောင်သူသည် တိရစ္ဆာန်တစ်ကောင်စီကို ကောင်းမွန်မှန်ကန်စွာ ညင်သာစွာ သတ်ဖြတ်ထားပြီးဖြစ်ကြောင်း အတည်ပြုပေးရမည်။ လိုအပ်ပါက တိရစ္ဆာန် ဝေဒနာမခံစားရကြောင်း သေချာစေရန်အတွက် တူညီသော နည်းလမ်း သို့မဟုတ် အခြားနည်းလမ်းကို ချက်ချင်းလုပ်ဆောင်ရမည်။ ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းခြင်းနှင့် ညင်သာစွာသတ်ခြင်း လုပ်ဆောင်ချက်အားလုံးကို ရက်စွဲ၊ သတ်ခံရသည့် အသားစားကြက်အကောင်ရေနှင့် သိရှိပါက အကြောင်းရင်း(များ)ဖြင့် မှတ်တမ်းတင်ထားရမည်။





**ဤနေရာတွင် ဖော်ပြထားသော မည်သည့်အချက်ကမျှ ဖျားနာနေသော သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိထားသော အသားစားကြက်ကို ချက်ချင်း ရောဂါရှာဖွေစစ်ဆေးပြီး သင့်လျော်သော ကုသမှုပေးခြင်းအား ဟန့်တားရန် မရည်ရွယ်ပါ။**

## ဇီဝလုံခြုံရေး

ဇီဝလုံခြုံရေး ဆိုသည်မှာ ကြက်အုပ်အတွင်း ရောဂါဖြစ်ပွားမှုကို တားဆီးထိန်းချုပ်ရန်အတွက် ရောဂါဖြစ်စေသည့်အရာတစ်ခုခု စတင်ပေါက်ဖွားပြီး ပျံ့နှံ့ခြင်းအား နည်းနိုင်သမျှအနည်းဆုံး လျှော့ချရန် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူမှ ပေါင်းစပ်ချမှတ်ထားသော အစီအစဉ်တစ်ခု ဖြစ်သည်။ အသားစားကြက်များအတွက် ဇီဝလုံခြုံရေး အစီအစဉ် အပြည့်အစုံတွင် အစိတ်အပိုင်းများစွာ ပါရှိပြီး ပုံမှန်အားဖြင့် အဆောက်အအုံထဲသို့ ဝင်ရောက်ခွင့်၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခွင့်၊ သန့်ရှင်းရေး၊ ရေဆိုးရေနုတ်စနစ် အစီအစဉ်နှင့် အမှိုက်စွန့်ပစ်ခြင်း အစီအစဉ်တို့ ပါဝင်သည်။

အဆောက်အအုံထဲသို့ ဝင်ရောက်ခွင့် အစီအစဉ်သည် မွေးမြူရေးခြံ၊ ကြက်ခြံများ သို့မဟုတ် အခြားအဆောက်အအုံများသို့ လူများနှင့် တိရစ္ဆာန်များ ဝင်ရောက်ခွင့်အား ကိုယ်ထိလက်ရောက် ကန့်သတ်ခြင်း၊ မလိုလားအပ်သော ဧည့်သည်များကို ဟန့်တားရန် ကြော်ငြာဆိုင်းဘုတ် တင်ခြင်းနှင့် အဆောက်အအုံ ဥပစာများသို့ ဝင်ရောက်ခွင့်ပြုထားသော ဧည့်သည်အားလုံးကို ဧည့်သည့် စာရင်းဖြင့် မှတ်သားထားခြင်းဖြင့် အဆိုပါနေရာများသို့ ဝင်ရောက်ခြင်းမှ ရောဂါဖြစ်စေသည့်အရာများ စတင်ပြန့်ပွားခြင်းမရှိအောင် ကန့်သတ်ထိန်းချုပ်ပါမည်။

လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်သည် လုပ်ငန်းဆောင်ရွက်မှုအတွင်းပိုင်းကို ပို၍ အလေးပေးပြီး ပိုးမွှားထိန်းချုပ်ရေး စီမံခန့်ခွဲမှုလည်း ပါဝင်သည် (တောထနေသော နေရာများ မရှိပါ၊ အစာကျွေးရာတွင် ဖိတ်စင်မှုမရှိပါ၊ ပိုးမွှားထိန်းချုပ်ရေး အစီအစဉ်၊ စက်ပစ္စည်းများနှင့် အဆောက်အအုံ သန့်ရှင်းရေး အချိန်ဇယားများကို အသုံးပြုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအတွင်း သို့မဟုတ် အသားစားကြက်များအနီးနားတွင် ရှိနေချိန် တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများ ဝတ်ဆင်သင့်သည့် တစ်ကိုယ်ရေ ကာကွယ်ရေး ဝတ်စုံတစ်ခုခု)။

သန့်ရှင်းရေးနှင့် ရေဆိုးရေနုတ်စနစ် အစီအစဉ်သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဇီဝလုံခြုံရေး အစီအစဉ်တွင် အဓိကသက်ရောက်မှုရှိမည်ဖြစ်ပြီး ရောဂါဖြစ်စေသည့်အရာများ ပျံ့နှံ့ခြင်းကို တားဆီးရန် စက်ပစ္စည်းများနှင့် အဆောက်အအုံများကို သန့်ရှင်းရေးလုပ်နည်းနှင့် ပိုးသတ်သန့်စင်နည်း လမ်းညွှန်ချက်များကို ဖော်ပြပေးပါမည်။

အမှိုက်စွန့်ပစ်မှု အစီအစဉ်သည် တိရစ္ဆာန်နှင့် လူတို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို အန္တရာယ်ဖြစ်စေနိုင်သော ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၊ ချွန်ထက်သောအရာများ၊ အသေကောင်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ဘေးကင်းပြီး သင့်လျော်သောနည်းလမ်းဖြင့် စွန့်ပစ်ခြင်းအတွက် အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။

## ကြက်ချေးစွန့်အခင်း

ကြက်ချေးစွန့်အခင်း၏ အရည်အသွေးသည် တိရစ္ဆာန်ခြေသည်းအောက်ပိုင်း ရောင်ရမ်းနာကျင်မှုများနှင့် အခြားခြေဆာသောပြဿနာများကို ဖြစ်ပေါ်စေခြင်းဖြင့် တိရစ္ဆာန်များ၏ ကျန်းမာပျော်ရွှင်ရေးကို ထိခိုက်စေကြောင်း တင်ပြထားသည်[9,10]။ ဘက်တီးရီးယားများ စုပုံလာခြင်း၊ တိရစ္ဆာန်ခြေသည်းအောက်ပိုင်း ရောင်ရမ်းနာကျင်မှုများ၊ ခြေထောက် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ပိုးမွှားများပေါက်ဖွားလာခြင်းကို တားဆီးရန်[3] အသားစားကြက်များကို ကြက်ချေးစွန့်အခင်းကြမ်းပြင်များပေါ်တွင် မွေးမြူထားရမည်ဖြစ်ပြီး ကြက်ချေးစွန့်အခင်းကို သင့်လျော်သော အထူအနေအထားဖြင့် ခြောက်သွေ့စွာ ထားရှိရမည်။ ကသိကအောက်မဖြစ်စေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကို အထောက်အကူပြုရန် ခြောက်သွေ့သော ကြက်ချေးစွန့်အခင်းသည် အနည်းဆုံး 2 လက်မထူသင့်ပြီး သင့်လျော်သော အမှုန်အမွှားအရွယ်အစား (1 လက်မအောက်) ရှိသော စုပ်ယူသည့်ပစ္စည်းဖြင့် ဖြည့်တင်းထားသင့်သည်။ အစာကျွေးခွက်များနှင့် သောက်ရေတိုက်သည့်ခွက်များ၏ 2 ပေထက် ကျော်လွန်သော ကြက်ချေးများ သို့မဟုတ် ရေဖြင့်လည်း ကြက်ချေးစွန့်အခင်းကို မာတောင့်မသွားစေရပါ။ ကြက်ချေးစွန့်အခင်းသည် ညှစ်လိုက်လျှင် ရေမထွက်ဘဲ လုံလုံလောက်လောက် ခြောက်သွေ့နေရမည်ဖြစ်ပြီး ကြက်ချေးစွန့်အခင်းသည် လေးလံ၍ ပုံပန်းမကျမဖြစ်ရပါ။ တိရစ္ဆာန်မွေးမြူထုတ်လုပ်သူသည် ကြက်အုပ်တစ်အုပ်လျှင် အနည်းဆုံး နှစ်ကြိမ် ပြုလုပ်သော ပုံမှန် ကြက်ချေးစွန့်အခင်း စိုထိုင်းမှု စစ်ဆေးသည့် မှတ်တမ်းများကို သိမ်းဆည်းပြီး ပေးအပ်ရမည်။ စစ်ဆေးနေစဉ်အတွင်း စစ်ဆေးရေးမှူးသည် နေရာ 6 ခုတွင် ကြက်ချေးစွန့်အခင်း စိုထိုင်းမှုကို စစ်ဆေးရမည်- ကြက်ခြံ၏ ပထမသုံးပုံတစ်ပုံရှိ နေရာ 2 ခု၊ ကြက်ခြံ၏ အလယ်သုံးပုံတစ်ပုံရှိ နေရာ 2 ခုနှင့် ကြက်ခြံ၏ နောက်ဆုံးသုံးပုံတစ်ပုံရှိ နေရာ 2 ခု။



# ဝန်ထမ်းလေ့ကျင့်သင်ကြားခြင်း

အပြည့်အဝ တာဝန်ယူ စောင့်ရှောက်၍ စီမံခန့်ခွဲပြီး မွေးမြူခြင်းသည် တိရစ္ဆာန်များအား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်နိုင်ကြောင်း သေချာစေရန်အတွက် အလွန်အရေးကြီးပါသည်။ မန်နေဂျာများနှင့် မွေးမြူရေးခြံလုပ်သားများအား တိရစ္ဆာန်မွေးမြူရေးနှင့် ပြုစုစောင့်ရှောက်ရေးတို့တွင် သေချာလေ့ကျင့်သင်ကြားပေးထားရမည့်အပြင် ၎င်းတို့သည် ကျွမ်းကျင်ပြီး အရည်အချင်းရှိရမည်။ ၎င်းတို့သည် ၎င်းတို့၏စနစ်နှင့် ၎င်းတို့ စောင့်ရှောက်ပေးနေသည့် အသားစားကြက်များနှင့်ပတ်သက်၍ လုပ်ငန်းခွင်အသိပညာဗဟုသုတ ကောင်းစွာရှိရမည်။ တိရစ္ဆာန်များနှင့် နေ့စဉ်ထိတွေ့နေရသော ဝန်ထမ်းအား စဉ်ဆက်မပြတ် အသိပညာပေးခြင်းသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အားပေးရာရောက်သည့် အပြုအမူများ ရှိစေရန် အရေးအကြီးဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ဝန်ထမ်းသည် လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက် သင့်လျော်သော ကြက်အုပ် ပြုစုစောင့်ရှောက်ရေးသင်တန်းကို တက်ထားပြီးဖြစ်ကြောင်း အတည်ပြုသည့် စာရွက်စာတမ်းရှိရန် အရေးကြီးပါသည် (ဗီဒီယိုများ၊ လက်စွဲစာအုပ်များ၊ SOP များ)။

အသားစားကြက်များနှင့် နေ့စဉ်ထိတွေ့နေရသော ဝန်ထမ်းအား အစောပိုင်းနှင့် စဉ်ဆက်မပြတ် အသိပညာပေးခြင်းသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အားပေးရာရောက်သည့် အပြုအမူများ ရှိစေရန် အရေးအကြီးဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ အသားစားကြက်များအား ပြုစုစောင့်ရှောက်သူအားလုံးကို အသားစားကြက်များနှင့် လက်တွေ့ ထိတွေ့ခြင်းမပြုမီ လေ့ကျင့်သင်ကြားပေးထားသင့်သည်။ မွေးမြူရေးခြံလုပ်သားအားလုံးကို ၎င်းတို့တစ်ဦးချင်းစီ နားလည်နိုင်သည့် ဘာသာစကားဖြင့် အကျဉ်းချုပ်ပြော၍ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပြီး လေ့ကျင့်သင်ကြားမှုကို နှစ်စဉ်ပြင်ဆင်မွမ်းမံရမည်။ လေ့ကျင့်သင်ကြားမှုတွင် ဗီဒီယိုများ၊ လက်စွဲစာအုပ်များနှင့်/သို့မဟုတ် SOP များ ပါဝင်နိုင်သည့်အပြင် လက်တွေ့လုပ်ကိုင်ခဲ့သူများ၏ အတွေ့အကြုံနှင့် အကဲဖြတ်ချက်တို့လည်း ပါဝင်ရမည်။ လေ့ကျင့်သင်ကြားမှု မှတ်တမ်းများတွင် မွေးမြူရေးခြံလုပ်သားမားတစ်ယောက်စီအား လေ့ကျင့်သင်ကြားပေးထားသည့် အရာများအပြင် သင်တန်းဆရာ၊ သင်တန်းသားများ၏ လက်မှတ်များနှင့် သင်တန်းတစ်ခုစီ၏ ရက်စွဲကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။

**အနည်းဆုံးအနေနှင့် မွေးမြူရေးခြံလုပ်သားအားလုံးသည် အောက်ပါတို့တွင် လေ့ကျင့်သင်ကြားထားသင့်သည်-**


- ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်မှု ကောင်းခြင်း သို့မဟုတ် မကောင်းခြင်းကို ဖော်ပြသည့် လက္ခဏာများကို သိရှိမှတ်သားရန် အသားစားကြက်များ၏ ပုံမှန်နှင့် ပုံမှန်မဟုတ်သော အပြုအမူ (စိတ်ဖိစီးမှုနှင့် ကြောက်ရွံ့မှု အပါအဝင်)။
- စိတ်ဖိစီးမှု လျှော့ချရန် အသားစားကြက်များကို သင့်လျော်စွာ ကိုင်တွယ်ခြင်း။
- အသားစားကြက်များအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ။
- အဖြစ်များသော ရောဂါများ၏ လက္ခဏာများနှင့် ကုသရန်အတွက် သင့်လျော်သော လုပ်ဆောင်ချက်များ။
- ကြက်ချေးစွန့်အခင်း အခြေအနေအပေါ် သက်ရောက်စေသည့် အချက်များနှင့် ကြက်ချေးစွန့်အခင်း ရှင်းလင်းထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့်ပတ်သက်သည့် ပြုစုစောင့်ရှောက်ရေး ပြဿနာများကို ခွဲခြားဖော်ထုတ်ပုံ။
- အရေးပေါ် တုံ့ပြန်မှု အစီအစဉ်ဆိုင်ရာ သင်တန်း။

အသားစားကြက်ကို ထိခိုက်ဒဏ်ရာ ရရှိစေနိုင်သော အလုပ်တစ်ခုအား ပြီးမြောက်အောင်လုပ်ဆောင်ရန်အတွက် ပြုစုစောင့်ရှောက်သူအနေဖြင့် အပိုဆောင်း သို့မဟုတ် အထူးပြု လေ့ကျင့်သင်ကြားမှုရယူရန် လိုအပ်သော တာဝန်အချို့ရှိနိုင်သည်။ အဆိုပါ အလုပ်များအတွက် ပြုစုစောင့်ရှောက်သူသည် နှစ်စဉ်ပြင်ဆင်မွမ်းမံထားသော အထူးပြု လေ့ကျင့်သင်ကြားမှုဆိုင်ရာ စာရွက်စာတမ်းများကို ထပ်မံရရှိရမည်။

**အဆိုပါ လေ့ကျင့်သင်ကြားမှု ဥပမာအချို့တွင် ပါဝင်သည်မှာ-**

- ကုသရန်/ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းရန်/ညင်သာစွာသတ်ရန် လိုအပ်သော အသားစားကြက်များကို ခွဲခြားသတ်မှတ်ခြင်း။
- ပုံမှန်မဟုတ်သော အခြေအနေများ သို့မဟုတ် အပြုအမူများကို သိရှိမှတ်သားခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု စီမံခန့်ခွဲရေး အစီအစဉ်ကို ခွဲခြားသတ်မှတ်ခြင်း။
- ဖျားနေသော သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိထားသော အသားစားကြက်များကို ကုသပေးခြင်း သို့မဟုတ် ဂရုစိုက်ခြင်း။
- ကြက်ပေါက်အပူပေးခန်းများရှိ ပေါက်ကာစ ကြက်ကလေးများကို စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း။
- ညှဥ်းပန်းရာမရောက်သော ညင်သာစွာသတ်ပေးသည့် ခွင့်ပြုထားသော နည်းလမ်းများအား ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ထိုနည်းလမ်းများကို လေ့ကျင့်အသုံးချနိုင်မှု။
- ကျွမ်းကျင်သော ကိုင်တွယ်လုပ်ကိုင်မှု၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှု၊ အဖြစ်များသော ချွတ်ယွင်းမှု လက္ခဏာများကို သိရှိမှတ်သားခြင်းနှင့် ပျက်နေသည့်အခြေအနေတွင် လိုအပ်သော လုပ်ဆောင်ချက် မှန်သမျှ အပါအဝင် အသားစားကြက်များ မှီခိုအားထားနေသည့် စက်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်း။





မွေးမြူရေးခြံလုပ်သားသည် လုပ်ငန်းလည်ပတ်မှုတွင် တိုက်ရိုက်လုပ်ဆောင်ခြင်းမရှိလျှင်ပင် ၎င်းတို့သည် အသားစားကြက်များနှင့် ထိတွေ့ပါက လုံလောက်သော လေ့ကျင့်သင်ကြားမှု စာရွက်စာတမ်းများ ရှိရပါမည်။ ဥပမာအားဖြင့် ကြက်ဖမ်းအဖွဲ့များ သို့မဟုတ် သားသတ်အဖွဲ့များသည် ပုံမှန်အားဖြင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူအတွက် တိုက်ရိုက်အလုပ်မလုပ်သော်လည်း အသားစားကြက်များကို ကိုင်တွယ်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအတွက် တာဝန်ရှိဆဲဖြစ်ပါမည်။ အဆိုပါအဖွဲ့များအား ပုံမှန်အသားစားကြက်၏အပြုအမူ၊ အသားစားကြက် ကိုင်တွယ်ခြင်းနှင့် ကန့်သတ်ထိန်းချုပ်ခြင်း၊ ၎င်းတို့အသုံးပြုမည့် ပစ္စည်းကိရိယာများကို သင့်လျော်စွာ အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းမှု၊ (သက်ဆိုင်လျှင်) အသားစားကြက်များအား သင့်လျော်စွာ သယ်ယူပို့ဆောင်မှု လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ လေ့ကျင့်ပေးထားရန် လိုအပ်သည်။ ဝန်ထမ်းစာရွက်စာတမ်းများ နှင့်/သို့မဟုတ် စည်းမျဉ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ်များဖြင့် လေ့ကျင့်သင်ကြားမှုကို စစ်ဆေးအတည်ပြုရမည်။

## အပြင်ထွက်သွားလာခွင့်

American Humane Certified™ အသားစားကြက်များအတွက် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများတွင် အသားစားကြက်များ အပြင်သို့သွားလာခွင့်ရှိသည်ဟု သတ်မှတ်မထားပါ။ သတ်မှတ်ထားပါက သီးခြားလမ်းညွှန်ချက်များနှင့် ကိုက်ညီရမည်။

အပြင်ထွက်သွားလာခွင့်သည် အသားစားကြက်များအား အလုံးစုံပြုစုစောင့်ရှောက်ရေးအတွက် များစွာအကျိုးရှိနိုင်သော်လည်း အခြားလုပ်ထုံးလုပ်နည်းများမရှိဘဲ အပြင်ထွက်ခွင့်သီးသန့်သည် အသားစားကြက်များကို အန္တရာယ်ရှိစေနိုင်သည့် အလားအလာရှိသည်၊ ထို့ကြောင့် အပြင်ထွက်ခွင့်ပေးစဉ် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို တိုးမြှင့်ရန် အောက်ပါအကြံပြုချက်များ ပေးထားသည်။ အသားစားကြက်များတွင် အပြင်ထွက်သွားလာခွင့်ရှိစဉ် တိရစ္ဆာန်ပြုစုစောင့်ရှောက်သူတစ်ဦးသည် အနည်းဆုံး တစ်ရက်နှစ်ကြိမ် အသားစားကြက်များကို စစ်ဆေးရမည်၊ အရိပ်ရရန် အကာအကွယ်နှင့် သားရဲတိရစ္ဆာန်ရန်များမှ ကာကွယ်မှု ပေးရမည့်အပြင် အသားစားကြက်များကို ညဘက်တွင် အထဲပြန်သွင်းပြီး သော့ခတ်ထားရမည်။ မြေပြင်ကို ထိရောက်စွာ စီမံခန့်ခွဲပြီး ထိန်းသိမ်းနိုင်မည့် အတိုင်းအတာအထိ ခွင့်ပြုနိုင်သည့် သင့်လျော်သော ကြက်အုပ်အရွယ်အစားကို အပြင်ထွက်သွားလာခွင့်ပြုရမည်။ ပြိုဝင်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း မဖြစ်စေရန်အလို့ငှာ အပြင်ဘက်နေရာသို့ သွားလာရန် အသားစားကြက်များအတွက် ကြက်ခြံ၏ ဝင်ထွက်ရာနေရာများသည် အနည်းဆုံး အမြင့် 1.5 ပေနှင့် အကျယ် 2 ပေရှိပြီး အသားစားကြက်များ ညပ်ခြင်း သို့မဟုတ် ပြည့်ကျပ်ခြင်း မဖြစ်အောင် လုံလောက်သောအကျယ်အဝန်း ရှိသင့်သည်။

အပြင်ဘက်နေရာအချို့သည် အကာအကွယ်အတွက် ရှင်သန်နေသော သဘာဝပေါက်ပင်များကို အသုံးပြုနိုင်သည် သို့မဟုတ် အလွယ်တကူ ရွှံ့ထူနိုင်သည့် သို့မဟုတ် ပျက်စီးနိုင်သည့် ပျော့ပျောင်းသောမြေကြီး ရှိနိုင်သည်။ အဆိုပါအခြေအနေများတွင် တိရစ္ဆာန်မွေးမြူထုတ်လုပ်သူများသည် ရှင်သန်နေသော သဘာဝပေါက်ပင် အကာအကွယ်ကို အကျိုးရှိရှိ ပြုပြင်ထိန်းသိမ်း၍ လိုအပ်သလို ပြန်လည်ကြီးထွားအောင် ပြုလုပ်ကာ ပျက်စီးသွားသော သို့မဟုတ် အလွန်စိုစွတ်နေသော မြေဆီလွှာများကို စီမံခန့်ခွဲရမည့်အပြင် ရောဂါဖြစ်စေသည့်အရာ စတင်ပေါက်ဖွားခြင်းနှင့် ပွားများလာခြင်းကို လျှော့ချရန် သို့မဟုတ် ကန့်သတ်ရန် အစီအစဉ်တစ်ခု ရှိရမည်။ အပြင်ဘက် အရိပ်ရနေရာ သွားလာခွင့်သည် အသားစားကြက်များ ဖြန့်ကြက်သွားလာပြီး အေးမြစေနိုင်လောက်သည့်အထိ ကျယ်ကျယ်ဝန်းဝန်း ရှိသင့်သည်။

တိရစ္ဆာန်မွေးမြူထုတ်လုပ်သူသည် ရွှေ့လျားကြက်ခြံမျိုးကို သုံးနေပါက ၎င်းတွင် ကြက်ခြံလှည့်လည်ခြင်းအတွက် အစီအစဉ်နှင့် အချိန်ဇယား၊ ပုံသေကြက်ခြံထားရှိခြင်းနှင့် အလွန်စိုစွတ်နေသော သို့မဟုတ် ပျက်စီးသွားသော မြေကြီးကို ကိုင်တွယ်ဖြေရှင်းမည့် မြေလွှာစီမံခန့်ခွဲမှု အစီအစဉ်၊ ရောဂါဖြစ်စေသည့်အရာ စတင်ပေါက်ဖွားခြင်းနှင့် ပွားများလာခြင်းကို တားဆီးခြင်း၊ အရိပ်ရနေရာ အကာအကွယ်နှင့် တောရိုင်းတိရစ္ဆာန်ရန်များမှ ကာကွယ်မှုအား စီမံခန့်ခွဲခြင်းတို့ ရှိထားရမည်။





# အဆောက်အအုံများကို စစ်ဆေးခြင်း

အသားစားကြက်များကို အမှန်တကယ် ထားရှိသည့် အဆောက်အအုံများသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို အထောက်အကူပြုရန် ဘေးကင်းပြီး သန့်ရှင်းရမည်။ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်သည် တိရစ္ဆာန်များ၏ ဘေးကင်းရေးကို ထည့်သွင်းစဉ်းစားရမည်၊ အသားစားကြက်များကို ထိခိုက်ဒဏ်ရာရစေနိုင်သည့် သို့မဟုတ် ဖိစီးမှုဖြစ်စေနိုင်သည့် ချွန်ထက်သောအစွန်းများ၊ ထိုးထွက်နေသောအရာများ၊ ငေါ်ထွက်နေသောအရာများ၊ ပျက်စီးနေသော အလွှာများ စသည်တို့ မရှိရပါ။ လျှပ်စစ်ပစ္စည်းကိရိယာများသည် အသားစားကြက်များနှင့် လက်လှမ်းမမီသောနေရာတွင် ရှိရမည်ဖြစ်ပြီး ၎င်းတို့ကို ကောင်းစွာအပူကာထား၍ သင့်လျော်စွာ မြေစိုက်ကြိုးသွယ်ထားကာ ကြွက်များ၊ ရှဉ့်များ၏ရန်များမှ ကာကွယ်ပေးရမည်။ အသားစားကြက်များသည် ကြာရှည်ခံပိုးသတ်ဆေးများမှလွဲ၍ သုတ်ဆေးများ၊ သစ်သားကြာရှည်ခံဆေးများ၊ သန့်ရှင်းရေးသုံးဆေးရည်များ သို့မဟုတ် အခြားအဆိပ်များနှင့် ထိတွေ့နိုင်ခြေ မရှိရပါ။

နေ့စဉ် စောင့်ကြည့်လေ့လာစဉ်အတွင်း အသားစားကြက်များကို အလွယ်တကူ စစ်ဆေးနိုင်စေရန် ကြက်ခြံနေရာနှင့် ပစ္စည်းကိရိယာများကို ဒီဇိုင်းထုတ်ထားရမည်။ ကြက်ခြံဒီဇိုင်းသည် ကပ်ပါးကောင်များနှင့် အခြားရောဂါဖြစ်စေသည့်အရာများ သိသိသာသာ ပွားများလာခြင်းမှ တားဆီးရန် ထိထိရောက်ရောက် သန့်ရှင်းရေးလုပ်နိုင်စေရမည်။ အတွင်းဘက်နံရံများသည် ချောမွေ့ပြီး သန့်ရှင်းရေးလုပ်ခြင်း လုပ်ငန်းစဉ်များကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် တာရှည်ခံသောပစ္စည်းများဖြင့် ဆောက်လုပ်ထားရမည်။

# ပစ္စည်းကိရိယာများကို စစ်ဆေးခြင်း

ကိုယ်တိုင်စီမံခန့်ခွဲရသော သို့မဟုတ် အလိုအလျောက် လုပ်ဆောင်သော ပစ္စည်းကိရိယာများသည် ရေပေးစနစ်များ၊ အစာကျွေးစနစ်များနှင့် လေဝင်လေထွက်ပန်ကာများကဲ့သို့ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို အားပေးမြှင့်တင်သည့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တစ်ခုကို ပံ့ပိုးရန်အတွက် စီစဉ်တကျ လုပ်ဆောင်ရန် လိုအပ်သည်။ ဤပစ္စည်းကိရိယာများကို နေ့စဉ်စစ်ဆေးရမည်ဖြစ်ပြီး ပြုစုစောင့်ရှောက်သူများသည် လိုအပ်သလို ပုံမှန်ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်ရမည်။ ဖော်ပြထားသည့်ပစ္စည်းကိရိယာများမှ တစ်ခုခုတွင် ချွတ်ယွင်းချက် ရှိပါက ပစ္စည်းကိရိယာကို ပြုပြင်ရန် အဆင့်များကို ချက်ချင်းလုပ်ဆောင်ရမည်ဖြစ်ပြီး ချွတ်ယွင်းချက်၊ ချို့ယွင်းချက်ကို ပြုပြင်ခဲ့ပုံ အသေးစိတ်နှင့် ကောင်းမွန်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို ပေးစွမ်းနိုင်ကြောင်း သေချာစေရန် ပြုပြင်စဉ်အတွင်း လိုအပ်သည့် အခြားလုပ်ဆောင်ချက်များကို မှတ်သားထားသည့် မှတ်တမ်းများကို သိမ်းဆည်းထားရမည်။

ပစ္စည်းကိရိယာအချို့ကို ပုံမှန်ထက်ပို၍မကြာခဏ စစ်ဆေးသင့်သည်။ အသုံးပြုသည်ဆိုလျှင် အရန်ပါဝါထောက်ပံ့မှု (အရန်သင့် မီးစက်ကဲ့သို့) ကို အပတ်စဉ် စမ်းသပ်ရမည်ဖြစ်ပြီး လိုအပ်ပါက အရန်ပါဝါကို ရရှိနိုင်ကြောင်း သေချာစေရန် ရလဒ်ကို မှတ်တမ်းတင်ရမည်။ အလားတူပင် အသုံးပြုသည်ဆိုလျှင် ထိန်းချုပ်ထားသော ပတ်ဝန်းကျင်ရှိ ကြက်ခြံများအတွက် အချက်ပြစနစ်များကို အပတ်စဉ် စမ်းသပ်ရမည်ဖြစ်ပြီး ကြက်ခြံတစ်ခြံအတွင်း ပစ္စည်းကိရိယာ ချို့ယွင်းမှု ရှိပါက သက်ဆိုင်ရာဝန်ထမ်းအား ချက်ချင်းသတိပေးပြီး သင့်လျော်သော ဆောင်ရွက်ချက်ကို လုပ်ဆောင်နိုင်ကြောင်း သေချာစေရန် ရလဒ်ကို မှတ်တမ်းတင်ရမည်။

ဖုန်မှုန့်၊ ရေငွေ့၊ ကာဗွန်မိုနောက်ဆိုဒ်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ဖယ်ရှားပြီး အောက်ဆီဂျင်ပေးရန် သင့်လျော်သောလေဝင်လေထွက် လိုအပ်သည်[3]။ ကြက်ခြံအားလုံးအတွက် သက်သောင့်သက်သာရှိသော အပူချိန်ကို ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော လေအရည်အသွေးကို ထိန်းသိမ်းရန် သင့်လျော်သော လေဝင်လေထွက်စနစ်ကို လိုအပ်သည်။ ထို့ကြောင့် ပြုစုစောင့်ရှောက်သူများသည် ကြက်ခြံအပူချိန်ကို တစ်နေ့နှစ်ကြိမ် စစ်ဆေးပြီး လေဝင်လေထွက် ပစ္စည်းကိရိယာကို အနီးကပ်စောင့်ကြည့်ကာ ကြက်ခြံထဲတွင် ရှိနေစဉ် လေအရည်အသွေးကို သိရှိမှတ်သားရန် လိုအပ်သည်။

ကောင်းမွန်သောလေအရည်အသွေးကို ထိန်းသိမ်းခြင်း၏ အခြားရှုထောင့်တစ်ခုမှာ ကြက်ခြံအတွင်း အမိုးနီးယားဓာတ်ငွေ့ပမာဏကို စောင့်ကြည့်ရန် ဖြစ်သည်။ အသားစားကြက်များ၏ ဦးခေါင်းထက်အမြင့်၌ အမိုးနီးယားဓာတ်ငွေ့ပမာဏကို ကြက်အုပ်တစ်အုပ်လျှင် အနည်းဆုံးနှစ်ကြိမ်၊ ကြက်ပေါက်နေရာချထားချိန်တွင် တစ်ကြိမ်နှင့် ကြက်ခြံကောင်ရေလျှော့ချခြင်းမတိုင်မီ တစ်ကြိမ် တိုင်းတာရမည်။ အမိုးနီးယားဓာတ်ငွေ့ပမာဏသည် 10 ppm အောက်ဖြစ်သင့်ပြီး 25 ppm[3] ထက် မကျော်ရပါ။ ကျော်ပါက ပမာဏကို လျှော့ချရန်အတွက် အမိုးနီးယားဓာတ်ငွေ့ လျှော့ချရေး အစီအစဉ်တစ်ခု ရှိထားရန် လိုအပ်မည်။ စစ်ဆေးစဉ်အတွင်း စစ်ဆေးရေးမှူးသည် ကြက်ခြံ၏ ပထမသုံးပုံတစ်ပုံ၊ ဒုတိယသုံးပုံတစ်ပုံနှင့် နောက်ဆုံးသုံးပုံတစ်ပုံရှိ တည်နေရာ 3 ခုတွင် အသားစားကြက်များ၏ ဦးခေါင်းထက်အမြင့်၌ အမိုးနီးယားဓာတ်ငွေ့ပမာဏကို တိုင်းတာရမည်။





# နေရာရရှိနိုင်မှု

သင့်လျော်သော မွေးမြူရေးသိပ်သည်းဆသည် ကြက်ခြံအတွင်း အသားစားကြက်များ သက်သောင့်သက်သာရှိကြောင်း သေချာစေရန် အသားစားကြက် ပြုစုစောင့်ရှောက်ရေး၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ခွင့်ပြုထားသော အများဆုံး မွေးမြူရေးသိပ်သည်းဆသည် စတုရန်းပေတစ်ပေလျှင် အသားစားကြက် အလေးချိန် 7.0 ပေါင် (စတုရန်းမီတာ တစ်မီတာလျှင် 34 ကီလိုဂရမ်) ဖြစ်သည် [11]။ ၎င်းကို လက်တွေ့မလုပ်ဆောင်နိုင်ပါက ပိုမိုများပြားသော မွေးမြူရေးသိပ်သည်းဆအတွက် အောက်ပါအချက်အားလုံးကို ရရှိရမည်-

**ပိုမိုများပြားသော မွေးမြူရေးသိပ်သည်းဆအတွက် အောက်ပါအချက်အားလုံးနှင့် ကိုက်ညီမှုရှိရမည်-**

- ကြီးထွားကာလ၏ နောက်ဆုံးအပတ်နှင့် တစ်ဖြည်းဖြည်း ကြီးထွားလာချိန်အတွင်း ကြက်အုပ်ကြီးထွားမှုနှုန်းများသည် စွမ်းဆောင်ရည် ကန့်သတ်ချက် အစီအစဉ်ရှိ လက်ခံနိုင်မှု ကန့်သတ်ချက်များအတွင်း ရှိသည်။
- ကြီးထွားကာလ၏ နောက်ဆုံးအပတ်နှင့် တစ်ဖြည်းဖြည်း ကြီးထွားလာချိန်အတွင်း အသေအပျောက်နှင့် ရောဂါဖြစ်နေသော ကြက်များအား ရှင်းလင်းသည့် ရာခိုင်နှုန်းသည် စွမ်းဆောင်ရည် ကန့်သတ်ချက် အစီအစဉ်ရှိ လက်ခံနိုင်မှု ကန့်သတ်ချက်များအတွင်း ရှိသည်။
- လမ်းလျှောက်ဟန် ရမှတ်၊ ပျံ့နှံ့မှု၊ အမိုးနီးယားပမာဏနှင့် ကြက်ချေးစွန့်အခင်း အရည်အသွေးအား ညှစ်၍စမ်းသပ်မှုအတွက် American Humane စံချိန်စံညွှန်းများနှင့် ပြည့်မီသည်။
- သတ်မှတ်ထားသော မွေးမြူရေးသိပ်သည်းဆသည် စတုရန်းပေတစ်ပေလျှင် အသားစားကြက်အလေးချိန် 8.2 ပေါင် (စတုရန်းမီတာတစ်မီတာလျှင် 40 kg) ထက် မကျော်ရပါ[12]။

၎င်းသည် နောက်ဆုံးအသားစားကြက်၏အလေးချိန်ကို ကိုးကားထားခြင်း မဟုတ်သော်လည်း အသားစားကြက်များကို ၎င်းတို့၏ကြက်ခြံထဲတွင် ဖြည့်တင်းရန် ခွင့်ပြုထားသောပမာဏ ဖြစ်သည်။ အသားစားကြက်များသည် လှဲလျောင်းခြင်း၊ မတ်တတ်ရပ်ခြင်း၊ အတောင်ပံဖြန့်ခြင်းနှင့် ကြက်ခြံအနှံ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်းတို့ကို အချိန်တိုင်း ပြုလုပ်နိုင်သင့်သည်။

# ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ

ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများသည် ရန်လိုသောအပြုအမူများကို လျော့ပါးစေခြင်း၊ ပျင်းရိမှုနည်းပါးခြင်းနှင့် ပုံမှန်အမူအကျင့်များကို လွတ်လပ်စွာ ဖော်ပြခွင့်ပေးခြင်းဖြင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအတွက် များစွာအကျိုးရှိနိုင်သည်[3]။ အသားစားကြက်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စီစဉ်ထားရှိပေးခြင်းသည် ပြုစုစောင့်ရှောက်ရေး ပြဿနာများအား လျော့နည်းစေနိုင်ကြောင်း အကြံပြုထားသည်[13]။

**ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် စီစဉ်ထားရှိပေးသည်-**

- ပုံမှန်အမူအကျင့်များကို ပြသမှုနှင့် ပြသသည့် အပိုင်းအခြားကို တိုးတက်စေရန်။
- ပုံမှန်မဟုတ်သောအပြုအမူ ဖြစ်ပေါ်ခြင်းကို တားဆီးရန် သို့မဟုတ် ၎င်း၏အတိုင်းအတာနှင့် ခက်ခဲရှုပ်ထွေးမှုကို လျှော့ချရန်။
- ပတ်ဝန်းကျင်အား အပြုသဘောဆောင်သော စူးစမ်းမှုကို မြှင့်တင်ရန်။
- အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများအား တိရစ္ဆာန်၏ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို တိုးမြှင့်ရန်[13]။





ကြက်ခြံများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်း ရွေးချယ်စရာ အနည်းဆုံးတစ်ခုကို ထားရှိပေးရမည်။ ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အကူပြုပစ္စည်း ရွေးချယ်စရာများတွင် မြင့်တင်ထားသော အနားယူရန်နေရာများ (ပလက်ဖောင်းများ၊ သေတ္တာများ၊ စောင်းလျှောများ၊ အေပုံစံဘောင်များ စသည်)၊ အစာရှာဖွေစုဆောင်းရန် အထောက်အကူပြုပစ္စည်းများ (ကောက်ရိုးစည်းများ၊ ချိတ်ဆွဲထားသည့် စားစရာများ၊ အဆောက်အအုံပြင်ပတွင် ကြက်စာရှာဖွေစုဆောင်းခြင်း စသည်)၊ အပြင်ထွက်သွားလာခွင့် သို့မဟုတ် ရောင်ပြေးအလင်းပေးခြင်းတို့ ပါဝင်သည်[7]။ အပြင်ထွက်သွားလာခွင့်ကို အထောက်အကူပြုလှုံ့ဆော်မှုအနေဖြင့် အသုံးပြုရန်အလို့ငှာ အသားစားကြက်များအား အဆောက်အအုံအတွင်း လုံခြုံအောင်ထားရန် လိုအပ်သော ရက်တစ်ရက်စီ၏ အရေအတွက်သည် စုစုပေါင်း 21 ရက်ထက်မပိုကြောင်း နေ့စဉ်မှတ်တမ်းများက ပြသရမည်။ ဤအထောက်အကူပြုပစ္စည်းများကို အသားစားကြက်များ ၎င်းတို့အား လွတ်လပ်စွာ အသုံးပြုနိုင်စေမည့် အရေအတွက်နှင့် ဖြန့်ကြက်ပမာဏအတွင်း ထားရှိရမည်။ စစ်ဆေးစဉ်အတွင်း စစ်ဆေးရေးမှူးသည် အသုံးပြုထားသည့် အထောက်အကူပြုပစ္စည်း အမျိုးအစား(များ)နှင့် ပံ့ပိုးပေးထားသည့် အရေအတွက်ကို မှတ်တမ်းတင်ရမည်။

## ကြက်ပေါက်များကို စစ်ဆေးခြင်း

ကြက်ပေါက်ဆိုသည်မှာ 7 ရက်သားနှင့်အောက်အရွယ်ရှိသော အသားစားကြက်ကို ဆိုလိုသည်။ ကြက်ပေါက်များကိုလည်း ထည့်သွင်းထားသည့် မွေးမြူရေးခြံများအတွက် ကောင်းမွန်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို ထိန်းသိမ်းရာတွင် အချို့အချက်များကို ထည့်သွင်းစဉ်းစားရပါမည်။ စံချိန်စံညွှန်းများနှင့် စစ်ဆေးရေးကိရိယာ၏ အခြားအစိတ်အပိုင်းအားလုံးသည် ကြက်ပေါက်များနှင့်လည်း သက်ဆိုင်သော်လည်း အသားစားကြက်ငယ်များအတွက် နောက်ထပ်ထည့်သွင်းစဉ်းစားရမည့် အချက်အနည်းငယ် ရှိပါသေးသည်။ ကြက်ပေါက်များကို အမြဲတမ်း ဂရုတစိုက်ကိုင်တွယ်သင့်သည်၊ အထူးသဖြင့် ထိခိုက်ဒဏ်ရာရမှု မဖြစ်စေရန် 12 လက်မအထက်အမြင့်မှနေ၍ ၎င်းတို့ကို ပစ်မချသင့်ပါ။ ရက်သားကြက်ပေါက်များအတွက်ဆိုလျှင် ၎င်းတို့ကို ထိခိုက်ဒဏ်ရာမရှိစေရန် အထူးဂရုတစိုက် ကိုင်တွယ်သင့်ပြီး အပူချိန်ကို ထိန်းညှိ၍ အဆိပ်အတောက်ရှိသောဓာတ်ငွေ့များ ထုတ်လွှတ်မှုကို စောင့်ကြည့်ထားသည့် သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်တွင် ထားရှိရမည်ဖြစ်ကာ ကြက်ပေါက်များ ခြံဝင်းအတွင်း လွတ်လပ်စွာ သွားလာရန် နေရာအလုံအလောက် ရှိရပါမည်။ အခြားတစ်နည်းအားဖြင့် အစာကျွေးစက် ထုတ်လုပ်ရေးကုမ္ပဏီက သတ်မှတ်ထားပြီး တိရစ္ဆာန်မွေးမြူထုတ်လုပ်သူက မှတ်တမ်းတင်ထားခြင်း မရှိပါက ကြက်ပေါက်များအား ၎င်းတို့၏ပထမအပတ်အတွင်း ဖြည့်စွက်အစာကျွေးရမည်။

## အသားစားကြက်များကို စစ်ဆေးခြင်း

အသားစားကြက်များကို စစ်ဆေးမှုပြုလုပ်သည့် မွေးမြူရေးခြံလုပ်သားသည် အသားစားကြက်များအား မလိုလားအပ်သော ခြောက်လှန့်မှုများ (ဥပမာ၊ ဆူညံသံများ ပြုလုပ်ခြင်း၊ ရုတ်တရက် လှုပ်ရှားမှုပြုလုပ်ခြင်းစသည်တို့) မဖြစ်စေရန် ဂရုစိုက်ပြီး သေချာသတိထားသော အပြုအမူဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ကြက်ခြံအတွင်းရှိ အသားစားကြက်များအားလုံးကို မြင်နိုင်စေမည့် လမ်းကြောင်းအတိုင်း သွားရမည်ဖြစ်သည်။ စစ်ဆေးစဉ်အတွင်း သို့မဟုတ် အခြားတစ်ချိန်ချိန်တွင် အသားစားကြက်တစ်ကောင်ကောင်သည် ပြင်းထန်စွာ နာကျင်နေခြင်း သို့မဟုတ် ပြင်းထန်သော နာမကျန်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာကို ခံစားနေရခြင်းများကို တွေ့ရှိပါက အသားစားကြက်ကို အရည်အချင်းပြည့်မီသောဝန်ထမ်းက ချက်ချင်းညင်သာစွာ သတ်ပေးရပါမည်။ ခြံတွင်း အသားစားကြက် စောင့်ကြည့်လေ့လာမှုအတွင်း မည်သည့်အချိန်၌မဆို အသားစားကြက်များသည် စုပြုံနေသော အပြုအမူများ သို့မဟုတ် စိတ်ဖိစီးမှု သို့မဟုတ် ကြောက်ရွံ့မှု လက္ခဏာများကို ပြသပါက စစ်ဆေးရေးမှူးသည် စောင့်ကြည့်လေ့လာမှုကို ရပ်ပြီး အသားစားကြက်များတွင် စိတ်ဖိစီးမှုကို ပြေပျောက်စေရန် လိုအပ်သောအဆင့်များ လုပ်ဆောင်ရမည်။

ကြက်ခြံအတွင်း အသားစားကြက်များကို စစ်ဆေးရန် အဆောက်အအုံအတွင်း စနစ်တကျ ဖြတ်သန်းသွားခြင်းနည်းလမ်းကို အသုံးပြုသင့်သည်။ ထိရောက်သော အဆောက်အအုံအတွင်း စနစ်တကျ ဖြတ်သန်းသွားခြင်း ပြီးမြောက်ရန် အဆင့်အနည်းငယ်ရှိပါသည်။ ပထမအဆင့်မှာ အကဲဖြတ်နေသည့် ကြက်ခြံအတွင်း စနစ်တကျ ဖြတ်သန်းသွားလာရန် နမူနာလမ်းကြောင်းကို သတ်မှတ်ပါ။ နမူနာလမ်းကြောင်း သတ်မှတ်ရန်အတွက် ကြက်ခြံကို လမ်းကြောင်းများအဖြစ် ပိုင်းခြားရန် အစာကျွေးစနစ်နှင့် ရေပေးစနစ်ရှိ ပိုက်လိုင်းများကို အသုံးပြုပါ။ အစာကျွေးစနစ် သို့မဟုတ် ရေပေးစနစ်လမ်းကြောင်းများ မရှိပါက လမ်းကြောင်းကို ခန့်မှန်းရန် သင်၏ လက်နှစ်ဖက်စလုံးကို ဘေးတစ်ဖက်စီသို့ ဆန့်တန်း၍ ကြက်ခြံအား လက်နှစ်ဖက်ဆန့်အလျားရှိ လမ်းကြောင်းများအဖြစ် ချိန်ညှိသတ်မှတ်ပါ။ ကြက်ခြံ၏အနောက်မှ ကြက်ခြံ၏အရှေ့သို့ သွားသည့်လမ်းကြောင်းနှင့် မတူညီသော ကြက်ခြံအတွင်း ဖြတ်သွားမည့် လမ်းကြောင်းကို ကျပန်းရွေးချယ်ပါ။ ကြက်ခြံ၏ အရှေ့မှ အနောက်သို့ ဤလမ်းအတိုင်းသွားပြီး အခြားနေရာမှ ရှေ့သို့ ပြန်လာပါ။ ဤလမ်းကြောင်းအတိုင်း ဖြတ်သွားစဉ် အောက်တွင်ဖော်ပြထားသည့် သီးခြားအစီအမံများအတွက် ကြက်အုပ်ကို စောင့်ကြည့်လေ့လာပါ။



## မွေးမြူရေးခြံတွင် ရလဒ်အခြေပြု တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အစီအမံများ

မြင့်မားသော ဝန်းကျင်အပူချိန်နှင့် ထိတွေ့သည့် အသားစားကြက်များသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အပူချိန်ကို လျှော့ချရန် ကြိုးစားသည့်အနေဖြင့် ၎င်းတို့၏အပြုအမူနှင့် ဇီဝကမ္မဖြစ်စဉ်ကို ပြောင်းလဲသည်။ မြင့်မားသောအပူချိန်များကို ကြုံတွေ့ခံစားရသည့် အသားစားကြက်များသည် ပုံမှန်အားဖြင့် လှုပ်ရှားမှုပုံစံများ ကျဆင်းသွားပြီး စိတ်ဖိစီးမှု လက္ခဏာများ မြင့်တက်လာကာ အစာစားသုံးမှုလျော့နည်းသွားကြောင်း တွေ့ရသည်။ ဤအသားစားကြက်များကို မောဟိုက်စွာ အသက်ရှူနေမှုနှင့် တတ်နိုင်သမျှ အပူလျော့ပါးစေရန် ၎င်းတို့၏အတောင်ပံများကို ငိုက်စိုက်ချထားကာ ခန္ဓာကိုယ်မှ အနည်းငယ်ပင့်ထားခြင်း လက္ခဏာများမှတဆင့် မြင့်မားသော ဝန်းကျင်အပူချိန်နှင့် ထိတွေ့နေရကြောင်း ခွဲခြားဖော်ထုတ်နိုင်သည်[14,15]။ ဤအသားစားကြက်များသည် ညံ့ဖျင်းသော ပြုစုစောင့်ရှောက်မှု တွေ့ကြုံခံစား ရရှိနိုင်သောကြောင့် အသားစားကြက်များအတွက် တတ်နိုင်သမျှ အပူလျော့ပါးစေရန်နှင့် အသားစားကြက်ခြံ၏ ဝန်းကျင်အပူချိန်ကို လျှော့ချရန် ကြိုးစားသင့်သည်။ စစ်ဆေးသည့်အချိန်တွင် စစ်ဆေးရေးမှူးက ကြည့်ရှုလေ့လာသည့်အခါ ကြက်ခြံအတွင်း ပါးစပ်ဟလျက် မောဟိုက်စွာ အသက်ရှူနေခြင်း သို့မဟုတ် တောင်ပံများ ငိုက်စိုက်ချလျက် ပြတ်တောင်းပြတ်တောင်း အသက်ရှူနေခြင်းကို ပြသသည့် ကြက်အရေအတွက်သည် လေးပုံတစ်ပုံထက် မပိုသင့်ပါ။ လူ၏ကိုင်တွယ်မှုကြောင့်ဖြစ်စေ၊ လူရှိနေခြင်းကြောင့်ဖြစ်စေ ထိတ်လန့်ခြင်း မဖြစ်စေရန် ကြက်များအကြား ဖြတ်လျှောက်ခြင်းမပြုမီ ဤလေ့လာချက်ကို ပြုလုပ်ရမည်။



အသားစားကြက်များသည် ခြေထောက်ပြဿနာများကို ခံနိုင်ရည်မရှိကြဘဲ ယင်းသည် သေဆုံးမှု၊ နာကျင်မှု သို့မဟုတ် အဆင်မပြေမှုများ တိုးမြင့်လာခြင်းနှင့် ဆက်စပ်နေပါသည်။ သို့သော်လည်း ဤခြေထောက်ပြဿနာများကို ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်စောင့်ရှောက်မှုဖြင့် ထိန်းချုပ်နိုင်သည်။ ၎င်းသည် အသားစားကြက်များအတွက် အဓိက ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ဖွယ်ကိစ္စရပ်တစ်ခု ဖြစ်သောကြောင့် စစ်ဆေးရေးမှူးသည် စစ်ဆေးသည့်အချိန်တွင် ကြက်အုပ်တစ်အုပ်စီအတွက် လမ်းလျှောက်ဟန် ရမှတ်ကို ပုံမှန် စောင့်ကြည့်လေ့လာသင့်သည်။ ဖြတ်သန်းသွားလာမှုများ လုပ်ဆောင်နေစဉ်တွင် စစ်ဆေးရေးမှူးသည် နံရံမှ ရေပိုက်လိုင်းဆီသို့ ပေ 100 ခန့် လမ်းလျှောက်ပြီး အနည်းဆုံး 5 ပေအထိ လမ်းမလျှောက်နိုင်သည့် သို့မဟုတ် သိသာထင်ရှားစွာ ထော့နဲ့ထော့နဲ့ဖြစ်နေသည့် (လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိသော) အသားစားကြက်အရေအတွက်ကို မှတ်တမ်းတင်ထားရမည်[16]။ စစ်ဆေးရေးမှူးသည် စစ်ဆေးသည့်အချိန်တွင် လမ်းလျှောက်ဟန် ရမှတ် 2 မှတ်ရရှိကြောင်း လေ့လာတွေ့ရှိသည့် အသားစားကြက်အရေအတွက်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

### အသားစားကြက်များအား လမ်းလျှောက်ဟန် အမှတ်ပေးခြင်း[16]

| ရမှတ် 0 | ရမှတ် 1 | ရမှတ် 2 |
|---|---|---|
| အသားစားကြက်သည် ဟန်ချက်ညီသော လမ်းလျှောက်ဟန်ဖြင့် အနည်းဆုံး 5 ပေအထိ လမ်းလျှောက်နိုင်သည်။ အသားစားကြက်သည် အချိုးမကျသောပုံစံဖြင့် လှုပ်ရှားနေပုံပေါ်သော်လည်း လျှောက်လှမ်းမှုအပေါ် သက်ရောက်မှုမရှိသလောက် နည်းပါးသည်။ | အသားစားကြက်သည် အနည်းဆုံး 5 ပေအထိ လမ်းလျှောက်နိုင်သော်လည်း သိသာထင်ရှားစွာ ထော့နဲ့ထော့နဲ့ ဖြစ်နေသည် သို့မဟုတ် အချိုးမကျသော လမ်းလျှောက်ဟန်ဖြင့် လျှောက်နေသည်။ | အသားစားကြက်သည် 5 ပေအထိ လမ်းမလျှောက်နိုင်ပါ။ အတောင်ပံများ အကူအညီဖြင့် ခြေသလုံး သို့မဟုတ် တံကောက်ကွေးများကို အသုံးပြု၍ ရုပ်တိုက်လျှောက်နိုင်သည်။ |

ကြက်များ ပက်လက်လန်သည့် ရောဂါ (DRS) ကို ခံစားနေရသည့် အသားစားကြက်များသည် ရှင်မပြနိုင်သည့် အကြောင်းပြချက်ကြောင့် ပက်လက်လန်လဲကျကာ သူတို့ဘာသာသူတို့ ပြန်မထနိုင်ကြပါ[17]။ ဤအချက်ကြောင့် အချို့သော ပြုစုစောင့်ရှောက်သူများက ၎င်းတို့ကို "လိပ်ကြက်များ" ဟု ခေါ်ကြသည်။ နာတာရှည်ရောဂါဖြစ်နေသည့် အသားစားကြက်များသည် ပုံမှန်အစာစားခြင်းနှင့် ရေသောက်ခြင်းဆိုင်ရာ အပြုအမူကို အနှောင့်အယှက်ဖြစ်စေသည့် တောင်ပံဒဏ်ရာ သို့မဟုတ် ကြွက်သားထိန်းချုပ်မှု ဆုံးရှုံးခြင်းကို မကြာခဏ ခံစားရလေ့ရှိသည်[17]။ ဤအသားစားကြက်များသည် ညံ့ဖျင်းသော ပြုစုစောင့်ရှောက်မှု အခြေအနေများ ကြုံတွေ့ရသောကြောင့် ကြက်အုပ်တွင် ဤကြက်ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရန် ကြက်အုပ်ဆေးကုဆရာဝန်နှင့် တိုင်ပင်၍ ထိုကဲ့သို့သော အသားစားကြက်များအား စီမံခန့်ခွဲမှုကို စစ်ဆေးအကဲဖြတ်သင့်သည်။ စစ်ဆေးရေးမှူးများသည် စစ်ဆေးသည့်အချိန်တွင် တွေ့ရှိသည့် DRS အသားစားကြက် အရေအတွက်ကို စောင့်ကြည့်ရမည်ဖြစ်သည်။





# သယ်ယူပို့ဆောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ

## သယ်ယူပို့ဆောင်ရေးနှင့် ကိုင်တွယ်ဖြေရှင်းရေး SOP များ

သယ်ယူပို့ဆောင်ရေးသည် အသားစားကြက်ထုတ်လုပ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အဆင့်တစ်ခုဖြစ်ပြီး အသားစားကြက်များအတွက် အပြုသဘောဆောင်ပြီး စိတ်ဖိစီးမှုနည်းသော အတွေ့အကြုံတစ်ခုလည်း ဖြစ်သင့်သည်။ အသားစားကြက်များအား သယ်ယူပို့ဆောင်ခြင်းနှင့် ကိုင်တွယ်ခြင်းတို့ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်။ ကြောက်ရွံ့မှု၊ ခြေထောက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများ မြင့်တက်လာခြင်းသည် ညံ့ဖျင်းသော ကြက်ဖမ်းဆီးခြင်းနှင့် ယာဉ်ပေါ်တင်ခြင်းဆိုင်ရာ နည်းလမ်း[3]နှင့် ဆက်စပ်နေသောကြောင့် သယ်ယူပို့ဆောင်ရေးတွင် ပါဝင်သည့် ဝန်ထမ်းများကို ၎င်းတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ထမ်းဆောင်ရန် သေချာလေ့ကျင့်သင်ကြား ပေးထားရမည်ဖြစ်ပြီး အရည်အချင်းပြည့်မီရပါမည်။ အသားစားကြက်များအတွက် မလိုလားအပ်သော ဆင်းရဲဒုက္ခ သို့မဟုတ် အဆင်မပြေမှုများ မဖြစ်စေရန်အတွက် တိရစ္ဆာန်သယ်ယူပို့ဆောင်ရေးစနစ်များအား ဖန်တီးရေးဆွဲပြီး စီမံခန့်ခွဲရပါမည်။

ယာဉ်ပေါ်တင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့တွင် ကောင်းမွန်သော ပြုစုစောင့်ရှောက်ရေး အတွေ့အကြုံကို မြှင့်တင်ရန်အတွက် ဤအချိန်အတွင်း ရှိနေရမည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအရာရှိ (AWO) တစ်ဦးကို ခွဲခြားသတ်မှတ်ထားပြီး (မှတ်တမ်းတင်ထားကာ) အဆိုပါအရာရှိသည် အသားစားကြက်အားလုံးကို မှန်ကန်စွာ တင်ဆောင်ထားကြောင်း၊ လှောင်အိမ်များထဲတွင် အသားစားကြက်များအားလုံး မတ်မတ်ခေါင်းထောင်နေကြောင်း သို့မဟုတ်လှောင်အိမ်များကြား တစ်ကောင်မျှ ညပ်နေခြင်းမရှိကြောင်း၊ လှောင်အိမ်များ၏ သိပ်သည်းမှုအကျယ်အဝန်းသည် အသားစားကြက်များ၏ အရွယ်အစားနှင့် ဝန်းကျင်အပူချိန်အတွက် သင့်လျော်ကိုက်ညီမှုရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိနေသော သို့မဟုတ် မကျန်းမာသော ကြက်များအား သယ်ယူပို့ဆောင်ခြင်းမရှိကြောင်းနှင့် သယ်ယူပို့ဆောင်မှုဆိုင်ရာ SOP များအားလုံးကို လိုက်နာမှုရှိကြောင်း စစ်ဆေးရန် တာဝန်ရှိသည်။ စစ်ဆေးချိန်တွင် AWO ၏ အမည်ကို မှတ်တမ်းတင်ထားရမည်။

American Humane သည် SOP စာရွက်စာတမ်းများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ခြင်းနှင့် ရရှိနိုင်ခြင်း၏ အရေးပါမှုအပေါ် အလေးထားပါသည်။

**အနည်းဆုံးအနေဖြင့် SOP များတွင် အောက်ပါတို့ကို ဖော်ပြထားသော စာရွက်စာတမ်းများ ပါဝင်ရမည်-**

- (တင်ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သားသတ်ခြင်းမပြုမီအထိ အပါအဝင်) အသားစားကြက်များကို စုစုပေါင်း 16 နာရီထက် ပို၍ အစာဖြတ်ခြင်း မပြုရဘဲ ကြက်ဖမ်းဆီးခြင်းမစတင်မီအထိ ရေတိုက်ထားရပါမည်။
- ကြက်ဖမ်းခြင်းမပြုမီတွင် အစာကျွေးစက်/ရေပေးစက်များနှင့် အခြားအတားအဆီးများကို ဖယ်ရှားရမည်ဖြစ်ပြီး အသားစားကြက်များ၏ ကြောက်လန့်တကြားတုံ့ပြန်မှုကို လျှော့ချရန် အလင်းရောင် အားနည်းသော နေရာတွင် ဖမ်းယူခြင်းကို လုပ်ဆောင်သင့်သည်။
- ကြက်ဖမ်းနေစဉ်အတွင်း ကြက်ဖမ်းဝန်ထမ်းများသည် ကြက်များကို မခြောက်လှန့်ရန်နှင့် ကြက်များစုဝေးနေခြင်းမရှိစေရန် ကြိုတင်သတိထားမှုများ ပြုလုပ်သင့်သည်။ ကြက်များသည် တစ်နေရာတည်းတွင် စုဝေးနေပါက ကြက်ဖမ်းဝန်ထမ်းများသည် ရပ်တန့်ပြီး ပြန်လည်ဖမ်းဆီးမှု မစတင်မီ ကြက်များကို အုပ်စုပြန့်သွားရန် အချိန်ပေးရမည်ဖြစ်သည်။
- အသားစားကြက်များကို သယ်ပို့လှောင်အိမ်များထဲသို့ မတင်မီအချိန်တွင် တင်ဆောင်နေသည့် အသားစားကြက်များ၏ အရွယ်အစား/အလေးချိန်အတွက် လှောင်အိမ်များသည် သင့်လျော်မှု ရှိ၊ မရှိ၊ ထိခိုက်ဒဏ်ရာရစေနိုင်သော ချွန်ထက်သည့် အစွန်းများ သို့မဟုတ် ငေါထွက်နေသည့်အရာများ ရှိ၊ မရှိ၊ အသားစားကြက်များ ညစ်ပတ်နေခြင်းမှ ကာကွယ်ရန်အတွက် အောက်ကြမ်းခင်းသည် ခိုင်ခန့်မှု ရှိ၊ မရှိ၊ စသည်တို့ကို အတည်ပြုဆုံးဖြတ်ရန် လှောင်အိမ်များကို စစ်ဆေးရပါမည်။
- အသားစားကြက်များကို လက်ဖြင့် ဖမ်းသောအခါတွင်-
- တစ်ကြိမ်သယ်လျှင် အသားစားကြက် သုံးကောင်ထက်ပို၍ သယ်ဆောင်ခြင်း မပြုရပါ (ကြက်သားထုတ်စက်ရုံမှ ဖော်ပြပါ လုပ်ဆောင်မှုအခြေပြု အတိုင်းအတာများ အချက်အလက်ကို ပံ့ပိုးပေးထားခြင်းမရှိပါက- တောင်ပံကျိုးခြင်း ရမှတ်၊ ခြေထောက်ကျိုးခြင်း ရမှတ်နှင့် ခြေထောက် ထိခိုက်ပွန်းပဲ့မှု ရမှတ်)
- အသားစားကြက်များကို အတောင်ပံ သို့မဟုတ် လည်ပင်းမှ သယ်ယူခြင်းမျိုးကို ဘယ်သောအခါမှ မပြုလုပ်ရပါ
- အသားစားကြက်များကို ဖမ်းမိပြီး စက္ကန့် 20 အတွင်း သယ်ပို့လှောင်အိမ်ထဲသို့ ထည့်ရမည်။

- ကြက်ဖမ်းစက်များဖြင့် ဖမ်းသောအခါတွင်-
- စက်ယန္တရား လည်ပတ်ရန်အတွက် ထုတ်လုပ်သူမှ လိုအပ်သည့်အတိုင်း ဝန်ထမ်းအင်အား လုံလောက်စွာ ရှိရမည်။
- အသားစားကြက်များကို ကြက်ဖမ်းစက်၏ အဝသို့ ချောမွေ့စွာ လမ်းကြောင်းပေးရမည်ဖြစ်ပြီး ၎င်းတို့ကို လှောင်အိမ်များအတွင်းသို့ ချောမွေ့စွာ တင်နိုင်စေရန် လုံလောက်သည့် အရှိန်ဖြင့် စက်ကို လည်ပတ်စေရမည်။
- အသားစားကြက်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး ကူညီဆောင်ရွက်ပေးရန်အလို့ငှာ စက်ပစ္စည်းများကို လည်ပတ်ဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ထမ်းများအားလုံးသည် တင်ဆောင်နေစဉ်တစ်လျှောက်လုံး အမြဲသတိဝီရိယရှိနေရပါမည်။
- ဝန်ထမ်းမဟုတ်သူများ အပါအဝင် သယ်ယူပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး စက်ပစ္စည်းများ၏ တာဝန်ခံ ဝန်ထမ်းများ အားလုံးသည် အသားစားကြက်များကို တင်ဆောင်ချိန်၊ အောက်ချချိန်နှင့် ပို့ဆောင်စဉ်အတွင်း ကိုင်တွယ်ပုံနှင့်ပတ်သက်သည့် လေ့ကျင့်သင်ကြားမှုကို ရယူပြီးဖြစ်ရမည်။ ၎င်းကို မှတ်တမ်းများ သို့မဟုတ် စည်းကမ်းလိုက်နာမှု အသိအမှတ်ပြုလက်မှတ် (COC) မှတစ်ဆင့် အတည်ပြုရပါမည်။
- ပူအိုက်သော ရာသီဥတုတွင် အသားစားကြက်များကို ညအချိန်တွင် သို့မဟုတ် နေ့ဘက် အအေးဆုံးအချိန်တွင် သယ်ယူရမည်ဖြစ်သည် သို့မဟုတ် အသားစားကြက်များအား အတင်/အချပြုလုပ်ချိန်တွင် အအေးပေးသည့် စနစ်များ ထားရှိရမည်။
- အသားစားကြက်များကို ပြင်းထန်သော ရာသီဥတုအတွင်း သယ်ယူပို့ဆောင်သည့်အခါတွင် ၎င်းတို့ကို အကာအရံပေးပြီး ကာကွယ်ရန် အဆင့်များကို လုပ်ဆောင်ရမည်။
- ယာဉ်မတော်တဆမှု ကဲ့သို့သော အရေးပေါ် အခြေအနေမျိုးတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ။
- အသားစားကြက်များ ယာဉ်ပေါ်တွင် စောင့်ဆိုင်းရချိန် လျော့နည်းစေရန်အတွက် အသားစားကြက်များကို ဖမ်းဆီးခြင်းနှင့် တင်ဆောင်ခြင်းကို ကြီးကြပ်သူသည် ကြက်သားထုတ်စက်ရုံနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရမည်။
- မလိုလားအပ်သော နှောင့်နှေးမှုများမရှိဘဲ ခရီးစဉ်များ ပြီးဆုံးကြောင်း သေချာစေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမည်။ ဆိုလိုသည်မှာ ယာဉ်မောင်းများအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများကို သိရှိထားရမည်ဖြစ်ကာ ၎င်းတို့၏ခရီးစဉ်ကို သင့်လျော်သလို စီစဉ်ရမည်ဖြစ်သည်။
- ရပ်တန့်ထားသော ယာဉ်ပေါ်တွင် အသားစားကြက်များကို ထားရှိရန် လိုအပ်ပါက၊ ယာဉ်မောင်းသည် အသားစားကြက်များအတွက် အပူဒဏ်ကြောင့်ဖြစ်ပေါ်သော စိတ်ဖိစီးမှုကို ရှောင်ရှားနိုင်ရေး ဆောင်ရွက်ချက်များ ပြုလုပ်ရန် လိုအပ်ပါသည်။

ကြက်အုပ်တစ်အုပ်စီအတွက် မှတ်တမ်းများကို အနည်းဆုံး တစ်နှစ်ကြာ သိမ်းဆည်းထားရမည်ဖြစ်ပြီး ထိုမှတ်တမ်းတွင် သယ်ယူပို့ဆောင်ရေးယာဉ် တစ်စီးစီအတွက် မွေးမြူရေးခြံမှ ထွက်ခွာချိန်မှ ကြက်များအား ကြက်သားထုတ်စက်ရုံတွင် ချချိန်အထိ 12 နာရီထက် မကျော်လွန်စေရပါ။

# သယ်ယူပို့ဆောင်မှုလုပ်ရာနေရာတွင် အကဲဖြတ်ခြင်း

သယ်ယူပို့ဆောင်မှုအား စစ်ဆေးချိန်တွင် စစ်ဆေးရေးမှူးသည် သယ်ပို့လှောင်အိမ်များနှင့် မွေးမြူရေးကြက်များအား ကိုင်တွယ်နေမှုကို ကိုယ်စားပြုသည့် နမူနာကို စစ်ဆေးကြည့်ရှုရပါမည်။ ကြက်ဖမ်းသူများကိုကိုယ်စားပြုသည့် နမူနာဆိုသည်မှာ သတ်မှတ်ထားသည့် စစ်ဆေးချိန်တွင် စစ်ဆေးသည့်နေရာ၌ ရှိနေရမည့် ကြက်ဖမ်းသူ အရေအတွက်၏ 33% ဖြစ်သည်ဟု သတ်မှတ်သည်။ ကြက်ဖမ်းသည့်အဖွဲ့ တစ်ဖွဲ့စီအတွက် စစ်ဆေးရေးမှူးသည် နောက်တွဲယာဉ် 2 ခုပေါ်တွင် ဖြန့်ကြက်တင်ဆောင်သည့် အနည်းဆုံး လှောင်အိမ် 10 ခုနှင့်အတူ ကြက်ဖမ်းအဖွဲ့၏ သယ်ပို့လှောင်အိမ် 20% ကို စောင့်ကြည့်စစ်ဆေးရပါမည်။

မဖမ်းဆီးမီတွင် စစ်ဆေးရေးမှူးသည် အလင်းရောင်နည်းပါးမှုအတွက် ကြက်ဖမ်းသည့် ပတ်ဝန်းကျင်နှင့် ကြက်ခြံအတွင်းတွင် အစာခွက်များ၊ ရေခွက်များနှင့် အခြား အတားအဆီးများကို ဖယ်ရှားခြင်း ရှိ၊ မရှိ၊ စစ်ဆေးရန် လိုအပ်သည်။ မဖမ်းဆီးမီတွင် စစ်ဆေးရေးမှူးသည် လှောင်အိမ်များ ပျက်စီးနေခြင်း သို့မဟုတ် ချို့ယွင်းနေခြင်း ရှိ၊ မရှိ၊ သိနိုင်ရန် သယ်ပို့လှောင်အိမ်များကို ကိုယ်စားပြုသည့် နမူနာကိုလည်း စစ်ဆေးရပါမည်။ ပျက်စီးနေသော သို့မဟုတ် ချို့ယွင်းနေသော လှောင်အိမ်များဆိုသည်မှာ ဝိုင်ယာကြိုးများ ကွေးနေခြင်း၊ ကြက်များ အပြင်ထွက်နိုင်လောက်အောင် ကြီးမားသော အပေါက်များရှိခြင်း၊ တံခါး မလုံခြင်း၊ ဘေးဘောင်များတွင် အချွန်အတက်များရှိနေခြင်း၊ ချွန်ထွက်နေခြင်းများ သို့မဟုတ် ကြက်များ ဒဏ်ရာရနိုင်သည့် အခြားအချက်များကို ဆိုလိုသည်။

ဖမ်းဆီးစဉ်နှင့် ကိုင်တွယ်စဉ်တွင် သင့်လျော်သော ကိုင်တွယ်နည်းနှင့် ယာဉ်ပေါ်တင်နည်းများ သုံးမသုံးကို သိရှိရန် ကိုယ်စားပြုနမူနာတချို့အား စောင့်ကြည့်စစ်ဆေးရမည်။ အသားစားကြက်များကို လက်ဖြင့် လိုက်လံဖမ်းဆီးပါက တစ်ကြိမ်လျှင် ကြက်သုံးကောင်ထက်ပို၍ သယ်ယူခြင်းမပြုရပါ (SOP တွင် ဖော်ပြထားသည့်အတိုင်း စွမ်းဆောင်ရည်စံနှုန်းများကို မပြည့်မီလျှင်)။ အသားစားကြက်များကို တောင်ပံ သို့မဟုတ် လည်ပင်းမှ ကိုင်၍ သယ်ဆောင်ခြင်းမျိုး လုံးဝမပြုရ။ ထို့အပြင် ဖမ်းမိပြီး အသားစားကြက်များကို စက္ကန့် 20 အတွင်း လှောင်အိမ်များထဲသို့ ဂရုတစိုက် ထည့်ရမည်။ ကြက်ဖမ်းသူများသည် ကြက်ဖမ်းစက်ကို အသုံးပြုပါက စက်ယန္တရားကို လည်ပတ်ရန် ဝန်ထမ်းအလုံအလောက် ရှိရမည်ဖြစ်ပြီး အသားစားကြက်များကို လှောင်အိမ်များထဲဝင်အောင် ချောမွေ့စွာ လမ်းကြောင်း ပေးရမည်ဖြစ်ကာ အသားစားကြက်များ ထိခိုက်မှု မရှိစေရန် ဂရုပြုရမည်ဖြစ်သည်။ ဖမ်းနေစဉ်တွင် ကြက်ဖမ်းသူများသည် ကြက်များ စုဝေးနေခြင်း သို့မဟုတ် စုပုံနေခြင်း မရှိစေရန် သင့်လျော်သည်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းလက္ခဏာများသည် ကြက်များတွင် စိတ်ဖိစီးမှုရှိနေကြောင်းပြသပြီး အသားစားကြက်များကို ထိခိုက်ဒဏ်ရာရစေနိုင်သည်။ ကြက်များစုဝေးသွားပါက ဝန်ထမ်းများသည် ကိုင်တွယ်ခြင်းအား ရပ်ထားရမည်ဖြစ်ပြီး ပြန်လည် မဖမ်းဆီးမီ အသားစားကြက်များကို ဖြန့်ကျက်နေခွင့် ပြုရပါမည်။

သယ်ပို့လှောင်အိမ်များကို တင်ပြီးနောက်တွင် စစ်ဆေးရေးမှူးသည် အောက်ဘက်ရှိ အသားစားကြက်များတွင် ညစ်ညမ်းမှု မဖြစ်စေရန် လှောင်အိမ်များအတွင်း အသားစားကြက်များ၏ အောက်ကြမ်းပြင်များ ခိုင်ခံ့ကြောင်း၊ အသားစားကြက်များအားလုံး မတ်မတ်ခေါင်းထောင်နေကြောင်းနှင့် မည်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းကမျှ တခါးကြားထဲတွင် ညပ်မနေကြောင်း၊ လှောင်အိမ်၏ အကျယ်အဝန်းသည် သင့်လျော်ပြီး ကြက်များကို တစ်ကောင်နှင့် တစ်ကောင် ထပ်ထားခြင်း မရှိကြောင်း အကဲဖြတ်ရန် ကိုယ်စားပြု နမူနာကို စစ်ဆေးရမည်ဖြစ်သည်။ ပြင်းထန်သော ရာသီဥတုအခြေအနေများတွင် သယ်ယူပို့ဆောင်စဉ်အတွင်း ယာဉ်ပေါ်တင်စဉ်နှင့် သယ်ယူစဉ် အသားစားကြက်များကို ကာရံပြီး အကာအကွယ်ပေးရန် အဆင့်များကို လုပ်ဆောင်ထားကြောင်း စစ်ဆေးရေးမှူးမှ အထင်အရှား တွေ့မြင်နိုင်အောင် ပြုလုပ်ရမည်။

ဖမ်းဆီးချိန်တွင် သယ်ယူပို့ဆောင်ချိန်တွင် ထိခိုက်ဒဏ်ရာရရှိထားသည့် မွေးမြူရေးကြက်များကို သယ်ယူပို့ဆောင်ခြင်း မပြုရဘဲ ထုတ်လုပ်သူ၏ တိရစ္ဆာန် ကျန်းမာရေး အစီအစဉ်အရ တတ်နိုင်သမျှ အမြန်ဆုံး ကုသခြင်း သို့မဟုတ် ညင်သာစွာ သတ်ဖြတ်ခြင်းများ ပြုလုပ်ရမည်။

# ကြက်သတ်လုပ်ငန်းစဉ် လမ်းညွှန်ချက်များ

## မှတ်တမ်းများနှင့် စာရွက်စာတမ်း

အသားစားကြက်များအား မလိုလားအပ်သော ဖိစီးမှု သို့မဟုတ် သက်သောင့်သက်သာမဖြစ်မှု မခံစားရစေရန် ကြက်သားထုတ်လုပ်သည့်စနစ်အားလုံးကို စီစဉ်သတ်မှတ်ပြီး စီမံခန့်ခွဲ ဆောင်ရွက်ရမည်။ အသားစားကြက်များကို မသတ်မီ ကိုင်တွယ်ရာတွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်။ လိုအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကြက်သတ်ဝန်ထမ်းများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးရမည်။

ပြင်ပမှ လာရောက်စစ်ဆေးမှုအတွက် ကြိုတင်ပြင်ဆင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ စစ်ဆေးခံရမည့်အလုပ်ခွင်အား လုပ်ငန်းတွင်း လက်တွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထိုအကြောင်းပြချက်ကြောင့် American Humane Certified™ သည် မွေးမြူရေးခြံတစ်ခြံစီကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် လုပ်ငန်းတွင်း လက်တွေ့စစ်ဆေးခြင်းပြုလုပ်ရန်နှင့် လုပ်ငန်းတွင်း လက်တွေ့စစ်ဆေးမှု မှတ်တမ်းများကို ထိန်းသိမ်းထားရန်တောင်းဆိုထားပါသည်။ ၎င်းသည် အမှန်တကယ် စစ်ဆေးခြင်းမပြုမီ စည်းကမ်းနှင့်မညီသော နယ်ပယ်များကို ရှာဖွေရန်၊ အဖြေလိုအပ်နိုင်သည့် မေးခွန်းများထုတ်ရန် သို့မဟုတ် စံချိန်စံညွှန်းများကို ရှင်းလင်းခွင့်ရရန် အထိရောက်ဆုံးနည်းလမ်းဖြစ်နိုင်ပါသည်။ လုပ်ငန်းတွင်းစစ်ဆေးခြင်းကို American Humane Certified™ အသားစားကြက်စစ်ဆေးရေးကိရိယာကဲ့သို့သော အသားစားကြက် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စစ်ဆေးရေးကိရိယာဖြင့် စစ်ဆေးရမည်ဖြစ်သော်လည်း NCC အသားစားကြက် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လမ်းညွှန်ချက်များ[2] နှင့် အခြားသော အသားစားကြက် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စစ်ဆေးရေးကိရိယာများလည်း ပါဝင်နိုင်ပါသည်။

တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများအပေါ် မျှော်လင့်ထားသည့်အရာများကို အသေးစိတ်ရှင်းလင်းစွာ ဖော်ပြထားသော ကုမ္ပဏီမူဝါဒတစ်ရပ်ရှိရမည့်အပြင် တိရစ္ဆာန်ပြုစုစောင့်ရှောက်သူတစ်ဦးစီက ၎င်းကို သုံးသပ်ပြီး နားလည်သဘောပေါက်ကြောင်း လက်မှတ်ထိုးရမည်။

**ကုမ္ပဏီ၏ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒတွင် အောက်ပါတို့ ပါဝင်ရမည်-**

- တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို အားပေးသည့် ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန် ကုမ္ပဏီ၏ ကတိကဝတ်ကို အလေးပေးခြင်း။
- ကုမ္ပဏီသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ပြဿနာများကို သတင်းပေးသည့် ဝန်ထမ်းများအား ကာကွယ်ပေးသော တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ "သတင်းပေးသူ" မူဝါဒကို အကောင်အထည်ဖော်ခဲ့သည်။
- အသားစားကြက်များကို ကန်ကျောက်ခြင်း၊ ပစ်ချခြင်း၊ အော်ဟစ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ခြောက်လှန့်ခြင်းနှင့် အခြားညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များကို လုံးဝသည်းခံမည်မဟုတ်ဘဲ ကုမ္ပဏီ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ဤလုပ်ရပ်များသည် အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် အကြောင်းပြချက်များဖြစ်သည်ဟု ဖော်ပြထားသည့် "လုံးဝသည်းခံခြင်းမရှိ" မူဝါဒကို ကုမ္ပဏီက အကောင်အထည်ဖော်ခဲ့သည်။

ကုမ္ပဏီတိုင်းတွင် အလုပ်သမားများ နားလည်နိုင်သော ဘာသာစကားဖြင့် ရရှိနိုင်သည့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်း မူဝါဒလည်း ရှိရမည်ဖြစ်ပြီး အလုပ်သမားတစ်ဦးစီအား ဤမူဝါဒနှင့်အညီ လေ့ကျင့်သင်ကြားပေးရပါမည်။

**ဝန်ထမ်းကျင့်ဝတ်စည်းကမ်း မူဝါဒတွင် အောက်ပါတို့ ပါဝင်ရမည်-**

- ဝန်ထမ်းတိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင်တာဝန်များကို ထမ်းဆောင်ရင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မြင့်မားသော စံချိန်စံညွှန်းများကို လိုက်နာရာတွင် အမြဲတမ်း ပါဝင်ကူညီရန် တာဝန်ရှိပြီး ထိုသို့ပါဝင်ကူညီမည်ဟုလည်း မျှော်လင့်ထားပါသည်။
- ဝန်ထမ်းအားလုံးသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး ဖြစ်စဉ်အစီရင်ခံစာ သို့မဟုတ် အလားတူကုမ္ပဏီစာရွက်စာတမ်းကို ရယူကြည့်ရှုခွင့်ရှိပါသည်။ ဝန်ထမ်းများသည် မိမိစိုးရိမ်သည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်သော ဖြစ်စဉ်များကို သတိပြုမိသည့်အခါတိုင်း ဤစာရွက်စာတမ်းကို ဖြည့်စွက်ပြီး တင်ပြရမည်ဟု ၎င်းတို့ကို ညွှန်ကြားထားသည်။
- ဝန်ထမ်းအားလုံးအနေဖြင့် အသားစားကြက်များကို အမြဲတမ်း ကောင်းမွန်စွာနှင့် သနားကြင်နာစွာ ကိုင်တွယ်မည်ဟု မျှော်လင့်ထားပါသည်။
- အလုပ်သမားများအား ခွဲဝေပေးထားသော လုပ်ငန်းတာဝန်များအပြင် အလုပ်သမားတစ်ဦးစီတိုင်းသည် အသားစားကြက်များအား လုံလောက်သောအစာ၊ ရေ၊ အလင်းရောင်၊ လေဝင်လေထွက်၊ အပူချိန်ထိန်းချုပ်မှုနှင့် ဇီဝလုံခြုံရေးကဲ့သို့သော အခြေခံလိုအပ်ချက်များကို အချိန်တိုင်း ပံ့ပိုးပေးရမည်ဖြစ်ကြောင်းနှင့် အဆိုပါ အခြေခံလိုအပ်ချက်များအနက် တစ်ခုခု ကင်းမဲ့နေပါက ကြီးကြပ်ရေးမှူးအား အကြောင်းကြားရမည် ဖြစ်ကြောင်းကိုလည်း သိရှိနားလည်ရမည်။

မွေးမြူရေးကြက်ခြံတစ်ခြံလျှင် တာဝန်သတ်မှတ်ပေးထားသည့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး အရာရှိ (AWO) အနည်းဆုံးတစ်ဦးရှိရမည်။ AWO ဆိုသည်မှာ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး မူဝါဒများကို အကောင်အထည်ဖော်ထားကြောင်း သေချာစေရေးနှင့် စံချိန်စံညွှန်းမြင့်မားသော တိရစ္ဆာန်ပြုစုစောင့်ရှောက်မှုကို တိရစ္ဆာန်များအား အချိန်တိုင်း ပေးအပ်ကြောင်း သေချာစေရေးအတွက် လုပ်ငန်းလည်ပတ်မှုများကို စောင့်ကြည့်ရန် တာဝန်ရှိသူဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်သည် အသားစားကြက်များကို မသတ်မီ မူးမေ့သတိလစ်သွားအောင် ထိထိရောက်ရောက် ပြုလုပ်ကြောင်းသေချာစေရန် တစ်နေ့လုံး မကြာခဏ စစ်ဆေးရမည်ဖြစ်ပြီး ပြုစုစောင့်ရှောက်ရေးတွင် လိုအပ်ချက်တစ်စုံတစ်ရာရှိပါက ချက်ချင်းအရေးယူဆောင်ရွက်ပေးရပါမည်။ စစ်ဆေးချိန်တွင် ဤပုဂ္ဂိုလ်၏အမည်ကို ပေးရပါမည်။

ကြက်သတ်လုပ်ငန်း ဆောင်ရွက်သူများသည် တိရစ္ဆာန်စောင့်ရှောက်ရေး သို့မဟုတ် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ် လုပ်ရှားမှုများနှင့် လုပ်ထုံးလုပ်နည်းများအားလုံးနှင့် စပ်လျဉ်း၍ ပုံမှန်ပြင်ဆင်ချိန်ညှိထားသည့်၊ စာရွက်ဖြင့်သော်လည်းကောင်း၊ အီလက်ထရောနစ်ပုံစံဖြင့်သော်လည်းကောင်း ရရှိနိုင်သော SOP ကို အလုပ်သမားအားလုံးအတွက် ၎င်းတို့နားလည်နိုင်သည့် ဘာသာစကားဖြင့် အချိန်နှင့်တစ်ပြေးညီ ထားရှိပေးထားရမည်။ တိရစ္ဆာန်စောင့်ရှောက်မှုပေးသူတိုင်းသည် ဤစာရွက်စာတမ်းကို ရရှိထားပြီး နားလည်သဘောပေါက်ကြောင်း လက်မှတ်ရေးထိုးရပါမည်။ စာဖြင့်ရေးသားထားသော SOP ကို ရရှိခြင်းသည် အလုပ်တစ်ခု လုပ်ဆောင်ပုံနှင့် ပတ်သက်၍ မေးခွန်းများ ရှိလာနိုင်သည့်အချိန်တွင် တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများ လေ့ကျင့်နိုင်စေရေးအတွက် အကူအညီဖြစ်စေပြီး အလုပ်အတိုင်းအတာအားဖြင့် တစ်ပြေးညီ ပိုမိုပြီးမြောက်စေနိုင်ကာ ၎င်းတို့ပြုစုစောင့်ရှောက်နေသော တိရစ္ဆာန်များအား ပြုစုစောင့်ရှောက်မှု စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်စေသည်။ တိရစ္ဆာန်ပြုစုစောင့်ရှောက်သူများအား နည်းမှန်လမ်းမှန် လေ့ကျင့်သင်ကြားမှုသည် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအတွက်သာမက ပုံမှန်တိရစ္ဆာန်စောင့်ရှောက်မှုများ ပြီးမြောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောကြောင့် American Humane သည် SOP စာရွက်စာတမ်းများ မွမ်းမံပြင်ဆင်ပြီးဖြစ်ရန်နှင့် အလွယ်တကူရရှိနိုင်ရန်ကို အထူးအလေးပေးပါသည်။

**SOPများတွင် အနည်းဆုံး အောက်ပါတို့ ပါဝင်သင့်သည်-**

- သယ်ယူပို့ဆောင်ရေး လှောင်အိမ်များကို စစ်ဆေးခြင်း။
- လှောင်အိမ်သယ်ယူပို့ဆောင်ခြင်း၊ ကိုင်တွယ်ခြင်းနှင့် လှောင်အိမ်မှထုတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။
- ချို့ယွင်းချက်ရှိသော လှောင်အိမ် အစီအစဉ်။
- မှန်ကန်သော သံခြေချင်း ချိတ်ဆွဲခြင်းအစီအစဉ်။
- နေ့စဉ် စစ်ဆေးရန်စာရင်းများနှင့် စစ်ဆေးခြင်းများ။
- သတိပေးချက်သင်္ကေတများနှင့် ပြဿနာဖြေရှင်းခြင်း။
- ပုံမှန် ပြုပြင်ထိန်းသိမ်းမှုလုပ်ရန် အချိန်ဇယားများ။
- လျှပ်စစ်မီး ပြတ်တောက်ခြင်း သို့မဟုတ် စက်ပစ္စည်းပျက်ယွင်းခြင်း ဖြစ်ပေါ်သည့်အခါ အသုံးပြုနေသော မူးမေ့သတိလစ်အောင်ပြုလုပ်ပေးသော စက်ပစ္စည်းအမျိုးအစားနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ။
- မျှော်မှန်းထားသော စက်ပစ္စည်း လုပ်ဆောင်မှုမှ သွေဖည်သွားသည့်အခါ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ (ဆိုလိုသည်မှာ- စက်ပစ္စည်းကို ကြက်ခြံတွင် ပြန်ပြင်နိုင်သည့်အခါနှင့် ထုတ်လုပ်သူကို ခေါ်ဆိုရန် လိုအပ်သည့်အခါ။ ယင်းတွင် စနစ်အား အလိုအလျောက် ပိတ်သွားစေမည့် ပင်မစက်ပစ္စည်း၏ ပြစ်ချက်များ သို့မဟုတ် ချို့ယွင်းချက်များ မပါဝင်ပါ)။
- လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ပါက လိုက်နာရမည့် အရန်လုပ်ထုံးလုပ်နည်းများ (ဆိုလိုသည်မှာ- လျှပ်စစ်ဓာတ်လွှတ်ထားသော ရေကန်ထဲထည့်နည်း သို့မဟုတ် American Humane က အတည်ပြုထားသည့် အခြားမူးမေ့သတိလစ်အောင်ပြုလုပ်ခြင်း နည်းလမ်းကို အသုံးပြုမှု) အပါအဝင် လုပ်ထုံးလုပ်နည်းများ။
- အသားစားကြက်များကို မှန်ကန်စွာကိုင်တွယ်ခြင်း။
- အသားစားကြက်သည် မှန်ကန်သော မူးမေ့သတိလစ်အောင်လုပ်ခြင်းနှင့် ဖြတ်တောက်ခြင်းကို လက်ခံရရှိခြင်း ရှိ၊ မရှိ၊ အကဲဖြတ်ခြင်း။

စက်ရုံသည် စက်ရုံအတွင်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးကို စောင့်ကြည့်လျက်ရှိပြီး ခြံထဲတွင် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအား ကူညီစောင့်ကြည့်ပေးနေကြောင်း သေချာစေရန်အတွက် ကြက်သားထုတ်စက်ရုံသည် စက်ရုံစွမ်းဆောင်ရည် သတ်မှတ်ချက်များကို လစဉ် တိုင်းတာရပါမည်။ American Humane Certified™ လမ်းညွှန်ချက်များ အသုံးပြု၍ သတ်မှတ်ချက်များကို တိုင်းတာရမည်ဖြစ်ပြီး သတ်မှတ်ချက်တစ်ခုစီအတွက် American Humane Certified™ အသားစားကြက်ပြုစုစောင့်ရှောက်ရေး စံချိန်စံညွှန်းများအတိုင်း လက်ခံနိုင်မှုအဆင့်များကို လိုက်နာရပါမည်။

ထိုမှတ်တမ်းများတွင် အောက်ပါတို့ ပါရှိပါသည်-

- သံခြေချင်း ချိတ်ဆွဲခြင်းဆိုင်ရာ အမှတ်ပေးခြင်း (သက်ဆိုင်ပါက)
- မူးမေ့သတိလစ်အောင်လုပ်မှုနှုန်းဆိုင်ရာ အမှတ်ပေးခြင်း
- ဓားဖြင့် အလိုအလျောက် ပိုင်းဖြတ်ရာတွင် လွတ်သွားသော အသားစားကြက်များဆိုင်ရာ အမှတ်ပေးခြင်း
- တောင်ပံကျိုးမှုဆိုင်ရာ အမှတ်ပေးခြင်း
- ခြေထောက်ကျိုးမှုဆိုင်ရာ အမှတ်ပေးခြင်း
- ပွန်းပဲ့ညိုမည်းနေသော ခြေထောက်ဆိုင်ရာ အမှတ်ပေးခြင်း
- ခြေဖဝါးဆိုင်ရာ အမှတ်ပေးခြင်း
- ရေနွေးပူကန်ထဲသို့ အသက်ရှိအသားစားကြက်များ ထည့်သွင်းမှုဆိုင်ရာ အမှတ်ပေးခြင်း
- USDA က စားသုံးရန်မသင့်ကြောင်း ကြေညာသည့် အရေအတွက်
- သယ်ယူပို့ဆောင်ရာတွင် သေဆုံးခြင်းများ သို့မဟုတ် ရောက်သည့်အချိန်တွင် သေဆုံးသွားသော (DOA) အသားစားကြက်များ

ထိုမှတ်တမ်းတင်ထားသော ရမှတ်များထဲမှ တစ်ခုခုသည် သတ်မှတ်ထားသော AHC ကန့်သတ်ချက်ပြင်ပတွင် ရှိနေပါက ထိုအတိုင်းအတာများ တိုးတက်စေရန်အတွက် ပြုပြင်တည့်မတ်ရေး အစီအမံများကို အကြမ်းဖျဉ်းဖော်ပြထားသည့် မှတ်တမ်းများလည်း ရှိရပါမည်။ DOA သို့မဟုတ် ခြေဖဝါး အမှတ်ပေးခြင်းဆိုင်ရာ အဆင့်များ မပါရှိပါက ထိုရလဒ်များကို သယ်ယူပို့ဆောင်ရေး AWO သို့မဟုတ် မွေးမြူရေးခြံ AWO သို့ ဆက်သွယ် အကြောင်းကြားရန်အတွက် စက်ရုံတွင် တာဝန်ရှိပါသည်။

အပြည့်အဝတာဝန်ယူစောင့်ရှောက်၍ စီမံခန့်ခွဲပြီး မွေးမြူခြင်းသည် ကောင်းမွန်သော တိရစ္ဆာန်ပြုစုစောင့်ရှောက်မှု သေချာစေရေးကို ကူညီရာတွင် အလွန်အရေးကြီးပါသည်။ တိရစ္ဆာန်များ ကိုင်တွယ်ခြင်းနှင့် မှန်ကန်သော ကြက်သားထုတ်စက်ရုံ လုပ်ငန်းတာဝန်များကို မန်နေဂျာများနှင့် ဝန်ထမ်းများအား စေ့စေ့စပ်စပ် လေ့ကျင့်သင်ကြားပေးထားရမည်ဖြစ်ပြီး ကျွမ်းကျင်မှုရှိရမည်။ ၎င်းတို့သည် ၎င်းတို့၏စနစ်နှင့် ၎င်းတို့ စောင့်ရှောက်ပေးနေသည့် အသားစားကြက်များနှင့်ပတ်သက်၍ လုပ်ငန်းခွင်အသိပညာဗဟုသုတ ကောင်းစွာရှိရမည်။ တိရစ္ဆာန်များနှင့် နေ့စဉ်ထိတွေ့နေရသော ဝန်ထမ်းအား စဉ်ဆက်မပြတ် ပညာပေးခြင်းသည် တိရစ္ဆာန် ပြုစုစောင့်ရှောက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အားပေးရာရောက်သည့် အပြုအမူများ ရှိစေရန် အရေးအကြီးဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ဝန်ထမ်းသည် လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက် သင့်လျော်သော ကြက်အုပ် ပြုစုစောင့်ရှောက်ရေးသင်တန်းကို တက်ထားပြီးဖြစ်ကြောင်း အတည်ပြုသည့် စာရွက်စာတမ်းရှိရန် အရေးကြီးပါသည် (ဗီဒီယိုများ၊ လက်စွဲစာအုပ်များ၊ SOP များ)။

အသားစားကြက်များနှင့် လက်တွေ့ထိတွေ့ခြင်းမပြုမီ ဝန်ထမ်းများအားလုံးကို လေ့ကျင့်သင်ကြားပေးရမည်။ ဝန်ထမ်းအားလုံးကို လုပ်ငန်းခွင်မိတ်ဆက် ပြုလုပ်ချိန်တွင် ဝန်ထမ်းနားလည်နိုင်သော ဘာသာစကားဖြင့် လေ့ကျင့်သင်ကြားရမည်ဖြစ်ပြီး သင်တန်းကို နှစ်စဉ်ပြန်မွမ်းမံခြင်းပြုလုပ်ရပါမည်။ လေ့ကျင့်သင်ကြားမှုတွင် ဗီဒီယိုများ၊ လက်စွဲစာအုပ်များနှင့်/သို့မဟုတ် SOP များ ပါဝင်နိုင်သည့်အပြင် လက်တွေ့လုပ်ကိုင်ခဲ့သူများ၏ အတွေ့အကြုံနှင့် အကဲဖြတ်ချက်တို့လည်း ပါဝင်ရမည်။ သင်တန်းမှတ်တမ်းများတွင် ဝန်ထမ်းတစ်ဦးစီအား လေ့ကျင့်သင်ကြားပြီးထားသော အရာများအပြင် သင်တန်းဆရာ၊ သင်တန်းသား၏ လက်မှတ်များနှင့် သင်တန်းတစ်ခုစီ၏ ရက်စွဲတို့ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။

**မူးမေ့သတိလစ်စေသည့် စက်ကိရိယာများအသုံးပြုရန် တာဝန်ရှိသော ဝန်ထမ်းတစ်ဦးစီအား အနည်းဆုံး အောက်ပါတို့ကို လေ့ကျင့်သင်ကြားထားရပါမည်-**

- စက်ကိရိယာကို စတင်မောင်းနှင်ခြင်း၊ အသုံးပြုခြင်းနှင့် ပိတ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ။
- စက်ကိရိယာကို မှန်ကန်စွာ မောင်းနှင်လည်ပတ်မှုနှင့် စက်မောင်းသမား တစ်ယောက်စီ၏ တာဝန်များနှင့် ဝတ္တရားများ။
- မျှော်မှန်းထားသော စက်ကိရိယာ မောင်းနှင်လည်ပတ်မှုပုံစံနှင့် စက်ကိရိယာ မှန်ကန်စွာ အလုပ်လုပ်မနေကြောင်း သို့မဟုတ် ၎င်းကို စိစစ်ချိန်ကိုက်မထားကြောင်း သိရှိနည်း။
- ပုံမှန် ထိန်းသိမ်းမှု လုပ်ဆောင်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များ။
- သတိပေးစနစ်များ သို့မဟုတ် ချို့ယွင်းမှု မက်ဆေ့ချ်များ ဖြစ်ပေါ်ပါက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် အရေးသိပ်မကြီးသော သတိပေးချက်များနှင့် စက်ကိရိယာကို ချက်ချင်းပိတ်ချရန် လိုအပ်သည့် ပြဿနာများအကြား ခွဲခြားဖော်ထုတ်နည်း။
- စက်ကိရိယာပျက်လျှင် သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့လျှင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း သို့မဟုတ် အရေးပေါ်အစီအစဉ်။
- အသားစားကြက်များကို ထိရောက်စွာ မူးမေ့သတိလစ်အောင် လုပ်ခြင်း ရှိ၊ မရှိ အကဲဖြတ်ခြင်း။

ကြက်သားထုတ်စက်ရုံသည် အထူးသဖြင့် အသုံးပြုနေသော မူးမေ့သတ်ကိရိယာအပါအဝင် လည်ပတ်မောင်းနှင်နေသော စက်ပစ္စည်းများအား နေ့စဉ်စစ်ဆေးခြင်း (စက်ကိရိယာများကို မှန်ကန်စွာစစ်ဆေးခြင်း၊ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း၊ စသည်ဖြင့်) နှင့် စီမံဆောင်ရွက်ခြင်းမှတ်တမ်းများ (စက်အမြန်နှုန်း၊ သတ်မှတ်ထားသော လုပ်နိုင်စွမ်း၊ စီမံဆောင်ရွက်နှုန်း၊ စသည်ဖြင့်) ကို မှတ်တမ်းထားရှိရန်လည်း တာဝန်ရှိပါသည်။ မှတ်တမ်းများကို အနည်းဆုံး တစ်နှစ် သိမ်းဆည်းထားရမည်ဖြစ်ပြီး စစ်ဆေးသည့်အချိန်တွင် စစ်ဆေးရေးမှူးထံသို့ ပေးနိုင်ရမည်ဖြစ်သည်။

## အသားစားကြက် ထုတ်လုပ်ခြင်းကို စောင့်ကြည့်လေ့လာခြင်း

သားသတ်လုပ်ငန်းစဉ်သည် တိရစ္ဆာန်များကို လူသားဆန်စွာ မူးမေ့သတိလစ်အောင်လုပ်ပြီး ပြုပြင်ထုတ်လုပ်ခြင်းမပြုမီတွင် ၎င်းတို့အတွက် စိတ်ပူပန်မှုနှင့် နာကျင်မှုကို အနည်းဆုံးဖြစ်စေရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် အသားစားကြက်များသည် အဆောက်အအုံအားလုံးတွင် မူးမေ့သတိလစ်သည့်အချိန်အထိ သက်သောင့်သက်သာရှိရန် မဖြစ်မနေလိုအပ်ပါသည်။

ကြက်များအတင်/အချလုပ်သော သို့မဟုတ် ခေတ္တထိန်းသိမ်းထားသော နေရာမှ စတင်၍ အလင်းများလျှော့ခြင်း သို့မဟုတ် အပြာရောင်အလင်းများပေးထားခြင်းများ ပြုလုပ်ရမည်။ အသားစားကြက်များကို ရာသီဥတုဒဏ်မှ ကာကွယ်ပေးရမည်ဖြစ်ပြီး သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရမည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရသည့် သို့မဟုတ် ဝေဒနာခံစားနေရသည့် အသားစားကြက်များကို လူသားဆန်စွာဖြင့် တတ်နိုင်သမျှ အမြန်ဆုံး ညင်သာစွာသတ်ပေးရမည်။ ချို့ယွင်းချက်မရှိကြောင်း သေချာစေရန်အတွက် သယ်ပို့လှောင်အိမ်များကို စစ်ဆေးရမည်ဖြစ်ပြီး ချွတ်ယွင်းချက်တစ်ခုတွေ့ရှိပါက ထိုလှောင်အိမ်အား ချို့ယွင်းချက်ပြင်ဆင်မပြီးမချင်း အသုံးပြုခြင်းမှ ဖယ်ရှားရမည်ဖြစ်သည်။ စစ်ဆေးစဉ်တွင် စစ်ဆေးရေးမှူးသည် အသားစားကြက်များ အပူဒဏ်ကြောင့် သက်သောင့်သက်သာ မဖြစ်သော လက္ခဏာများ မကြုံတွေ့ရစေရန် ခရီးသွားလှောင်အိမ် အနည်းဆုံး 25% ကို ကြည့်ရှုစစ်ဆေးရပါမည်။

အသားစားကြက်များကို နောက်တွဲယာဉ်ပေါ်မှချသည့်အခါ ပစ္စည်းချသည့်ကိရိယာကို ကိုင်တွယ်နေသောဝန်ထမ်းသည် စိတ်ဖိစီးမှုနည်းသောနည်းလမ်းဖြင့် ကိုင်တွယ်ရန် အမြဲဂရုပြုရမည်ဖြစ်သည်။ စစ်ဆေးစဉ်အတွင်း စစ်ဆေးရေးမှူးသည် ထိခိုက်ဒဏ်ရာရမှုနှင့် စိတ်ပူပန်မှုဖြစ်နိုင်ခြေ အနည်းဆုံးနည်းဖြင့် လှောင်အိမ်မှထုတ်ကြောင်းသေချာစေရန် နောက်တွဲယာဉ်မှ လှောင်အိမ်မှထုတ်သည့်နေရာသို့ လွှဲပြောင်းပေးနေသည့် အတန်းတစ်ခုလျှင် လှောင်အိမ် 3 ခုကို ကြည့်ရှုစစ်ဆေးရပါမည်။ အသားစားကြက်များကို သယ်ပို့လှောင်အိမ်များမှ ထုတ်သောအခါ၊ ၎င်းတို့အား ဖိစီးမှုနည်းသောနည်းဖြင့် ကိုင်တွယ်ရန်နှင့် ဒဏ်ရာဖြစ်နိုင်ခြေ နည်းပါးစေရန်အတွက် လှောင်အိမ်မှထုတ်သောနေရာရှိ ဝန်ထမ်းများက အမြဲဂရုပြုရပါမည်။ စစ်ဆေးစဉ်အတွင်း အသားစားကြက်များကို ဒဏ်ရာရနိုင်ခြေနှင့် စိတ်ဖိစီးနိုင်ခြေအနည်းဆုံးနည်းဖြင့် လှောင်အိမ်မှထုတ်ကြောင်းသေချာစေရန် စစ်ဆေးရေးမှူးသည် ထုတ်ယူနေသောလှောင်အိမ် 3 ခုကို ကြည့်ရှုစစ်ဆေးရပါမည်။

လှောင်အိမ်မှထုတ်သောနေရာကို အလုံပိတ်နေရာအတွင်း ထားရှိရမည်ဖြစ်ပြီး အသားစားကြက်များ စက်ခါးပတ်ပေါ်မှ ပြုတ်ကျခြင်းကို ကာကွယ်ရန် အတားအဆီးတစ်ခုလည်း ရှိရမည်။ ပြုတ်ကျသော ကြက်တစ်ကောင်ကို တွေ့ရှိပါက ချိတ်ဆွဲသောနေရာသို့ ချက်ချင်းပို့ဆောင်ပေးရမည် သို့မဟုတ် ထိခိုက်ဒဏ်ရာရထားပါက AVMA လမ်းညွှန်ချက်များအတိုင်း တတ်နိုင်သမျှ အမြန်ဆုံး စက်နှင့်ဝေးရာတွင် ညင်သာစွာသတ်ပေးပါ။



သံခြေချင်း ချိတ်ဆွဲရန်လိုအပ်သော စက်ရုံများတွင် အသားစားကြက်များကို အချိန်နှင့်တပြေးညီ ချိတ်ဆွဲထားရမည်။ ခြေထောက်နှစ်ဖက်စလုံးကို ချိတ်ဆွဲထားရမည်ဖြစ်ပြီး ပုံစံမမှန်စွာမချိတ်ဆွဲရပါ (မြင့်မားစွာချိတ်တွဲခြင်း၊ ခြေထောက်နှစ်ဖက်ကို ကြက်ခြေခတ်ပုံစံချိတ်ဆွဲခြင်း၊ စသည်ဖြင့်)။ စစ်ဆေးစဉ်တွင် စစ်ဆေးရေးမှူးသည် သံခြေချင်း ချိတ်ဆွဲသည့်နေရာမှ ထွက်လာသော အသားစားကြက်အကောင်ရေ 500 ကို ကြည့်ရှုစစ်ဆေးရမည်။ သံခြေချင်း ချိတ်ဆွဲသည့်နေရာမှထွက်လာစဉ်တွင် ခြေတစ်ချောင်းတည်းကိုသာ သံခြေချင်းဖြင့်ချိတ်ဆွဲထားသော ကြက် 2 ကောင်ထက်မပိုရပါ။ ထို့အပြင် အကောင်ရေ 500 တွင် ပုံစံမမှန်စွာချိတ်တွဲထားသည့်အကောင် 5 ကောင်ထက်မပိုရပါ။

မူးမေ့သတိလစ်စေသော ရေစိမ်ကန်သို့ မရောက်မီ အသားစားကြက်များကို တောင်ပံခတ်ခြင်းနှင့် ခေါင်းထောင်ခြင်း မပြုလုပ်နိုင်ရန် သင့်လျော်သော အစီအမံများကို ဆောင်ရွက်ရပါမည်။ (ဥပမာ- ရင်ဘတ်သံချောင်း၊ လိုက်ကာများကို အသုံးပြုခြင်း၊ ဆူညံသံများ လျှော့ချခြင်း၊ အလင်းရောင်စူးရှမှုလျှော့ခြင်း၊ သံခြေချင်းချိတ်ချိန်တွင် ကြက်၏ နောက်ကျောမှကိုင်၍ လုပ်ဆောင်ခြင်း)။

မွေးမြူရေးခြံက မည်သည့်မူးမေ့သတိလစ်စေသော နည်းလမ်းကိုအသုံးပြုသည်ဖြစ်စေ လုပ်ငန်းစဉ်သည် အသားစားကြက်များအတွက် မြန်ဆန်ချောမွေ့စေရမည်။ ဆိုလိုသည်မှာ စက်ကိရိယာအားလုံး ကောင်းမွန်စွာအလုပ်လုပ်ရမည်။ အသားစားကြက်များကို သင့်လျော်စွာ ကိုင်တွယ်ရမည် သို့မဟုတ် ထိန်းချုပ်ရမည်။ အသားစားကြက်များကို လျင်မြန်စွာ မူးမေ့သတိလစ်စေရမည်။ ဝန်ထမ်းများသည် အသားစားကြက်အားလုံးကို ထိရောက်စွာ မူးမေ့သတိလစ်စေကြောင်း စစ်ဆေးရမည်။ မူးမေ့သတိလစ်စေခြင်းစနစ်သည် လည်ပင်းလှီးဖြတ်ခြင်း (သွေးထုတ်ခြင်း) မတိုင်မီတွင် ကြက်များကို မူးမေ့သတိလစ်စေရန် ကူညီပေးရမည်။ တိကျသော လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဆောင်ရွက်သော မူးမေ့သတိလစ်အောင်လုပ်နည်းအပေါ်တွင် မူတည်ပါသည်။

**လျှပ်စစ်လွှတ်ထားသည့်ရေထဲသို့ စိမ်နည်းဖြင့် မူးမေ့သတိလစ်စေခြင်း၊ လေအကန့်အသတ်သာ ပေးခြင်းဖြင့် မူးမေ့သတိလစ်စေခြင်း (CAS)၊ လေထုဖိအား နှိမ့်လိုက်ခြင်းဖြင့် မူးမေ့သတိလစ်စေခြင်း (LAPS) သို့မဟုတ် သတိလစ်အောင်လုပ်သည့် လက်ကိုင်စက်ကို အသုံးပြုခြင်းသည် လက်ခံခွင့်ပြုနိုင်သော မူးမေ့သတိလစ်စေနည်းများ ဖြစ်သည်-**

- လျှပ်စစ်လွှတ်ထားသည့်ရေထဲသို့ စိမ်နည်းဖြင့် မူးမေ့သတိလစ်စေခြင်းကို အသုံးပြုလျှင်- အသားစားကြက်များ မမူးမေ့မီ ထိတ်လန့်တုန်လှုပ်ခြင်းမဖြစ်စေရန် မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို စီစဉ်သတ်မှတ် တပ်ဆင်ထားရပါမည်။ အသားစားကြက်များကို မူးမေ့သတိလစ်စေခြင်း သို့မဟုတ် ညင်သာစွာသတ်ပစ်ခြင်းအတွက် အသုံးပြုသော ရေစိမ်ကန်သည် လုံလောက်သောအရွယ်အစားနှင့် အတိမ်အနက်ရှိရမည်ဖြစ်ပြီး ဝင်ပေါက်တွင် ရေမလျှံရပါ။ မူးမေ့သတိလစ်စေသော ရေစိမ်ကန်ကို အသားစားကြက်အရွယ်အစားနှင့် အရေအတွက်အလိုက် သင့်လျော်သော အမြင့်ထားရှိရပါမည်။ အထူးသဖြင့် အသားစားကြက်အားလုံး၏ ဦးခေါင်းများသည် ရေစိမ်ကန်နှင့် ထိထိရောက်ရောက် ထိတွေ့နိုင်စေရန် အမြင့်ကို သတ်မှတ်ရပါမည်။ လည်လှီးခြင်းမပြုမီ အသားစားကြက်အားလုံးကို သတိလစ်သွားအောင်လုပ်ရန် လုံလောက်သော လျှပ်စီးကြောင်းကို အသုံးပြုရပါမည်။ အသားစားကြက်များထည့်ထားချိန် ရေစိမ်ကန်အတွင်း လျှပ်စီးကြောင်းကို တိကျစွာစောင့်ကြည့်ရန် ဗို့အား၊ လျှပ်စီးကြောင်းနှင့် ကြိမ်နှုန်းဆက်တင်များကို ရှင်းရှင်းလင်းလင်းပြသသည့် ထိန်းချုပ်ကိရိယာအား ရေစိမ်ကန်တွင် တပ်ဆင်ထားရပါမည်။
- CAS ကို အသုံးပြုသည့်အခါ- ကောင်းမွန်စွာအလုပ်လုပ်နေသော အာရုံခံကိရိယာများ၊ ကင်မရာများနှင့် အချက်ပေးစက်များ ပါရှိရပါမည်။ စက်မောင်းသမားသည် အခန်းတိုင်းတွင် ယိုစိမ့်မှု အလိုအလျောက် စမ်းသပ်ချက်တစ်ခုအား လုပ်ဆောင်ပြီး အခန်းတစ်ခုစီသည် စမ်းသပ်ချက်ကို အောင်မြင်ရမည်။ များသောအားဖြင့် မီးစိမ်းဖြင့်ညွှန်ပြသည်။ အခန်းသည် မီးနီပြနေပြီး မအောင်လျှင် ထိုစနစ်ကိုကျော်သွားရမည်ဖြစ်ပြီး အရန်လုပ်ထုံးလုပ်နည်းများအား လိုက်နာရပါမည်။
- LAPS ကို အသုံးပြုသည့်အခါ- ကောင်းမွန်စွာအလုပ်လုပ်နေသော အာရုံခံကိရိယာများ၊ ကင်မရာများနှင့် အချက်ပေးစက်များ ပါရှိရပါမည်။ စက်မောင်းသမားသည် အခန်းတိုင်းတွင် ယိုစိမ့်မှု အလိုအလျောက် စမ်းသပ်ချက်တစ်ခုအား လုပ်ဆောင်ပြီး အခန်းတစ်ခုစီသည် စမ်းသပ်ချက်ကို အောင်မြင်ရမည်။ များသောအားဖြင့် မီးစိမ်းဖြင့်ညွှန်ပြသည်။ အခန်းသည် မီးနီပြနေပြီး မအောင်လျှင် ထိုစနစ်ကိုကျော်သွားရမည်ဖြစ်ပြီး အရန်လုပ်ထုံးလုပ်နည်းများအား လိုက်နာရပါမည်။ အခန်းတွင်းဖိအားနှင့် လုပ်ဆောင်ပြီးစီးထားမှု ကြာချိန်ကို စက်မောင်းသမား ကြည့်ရှုနိုင်စေရန် စနစ်အား အလိုအလျောက်ဆက်တင်တွင် ထားရှိရမည်။
- လက်ကိုင် လျှပ်စစ်သုံး မူးမေ့သတိလစ်စက်များကို အသုံးပြုပါက- အသားစားကြက်များကို ကတော့တစ်ခု သို့မဟုတ် သံခြေချင်းဖြင့် ချုပ်ထားရမည်။ ၎င်းတို့ကို သံခြေချင်းဖြင့်ချုပ်ထားပြီးနောက် ချက်ချင်း မူးမေ့သတိလစ်အောင်လုပ်ရမည်။ သတိလစ်သွားစေသော ရှော့တိုက်လျှပ်ခေါင်းများကို အသင့်လျော်ဆုံး အနေအထား (နားနှင့် မျက်လုံးအကြား) တွင် သေသေချာချာ မြဲမြံစွာ ထားရှိရမည်။ ကနဦး တောင်ပံခတ်ခြင်း ရပ်တန့်သွားသည့် အချိန်ထိ သို့မဟုတ် ခြေထောက်များ တောင့်တင်းလာပြီး ဆန့်သွားသည်အထိ သတိလစ်စေသည့် ပစ္စည်းကိရိယာများကို အသုံးပြုရမည်။

အမှန်တကယ် သတိလစ်သွားကြောင်း သို့မဟုတ် ညင်သာစွာ အသတ်ခံထားရခြင်းဖြစ်ကြောင်း (AVMA က အတည်ပြုထားသော နည်းလမ်းဖြင့်) သေချာစေရန်အလို့ငှာ သတိလစ်စေသည့် ကိရိယာမှ ထွက်လာသော အသားစားကြက်အားလုံးကို စစ်ဆေးကြည့်ရပါမည်။ ကနဦး သတိလစ်သွားစေသည့်အဆင့်ကို လွတ်သွားသော အသားစားကြက်များကို လည်လှီးစက်ထဲသို့ မထည့်မီ သတိလစ်သွားအောင် လူကိုယ်တိုင် ဆောင်ရွက်ရမည် သို့မဟုတ် ညင်သာစွာ သတ်ပေးရပါမည်။ အမှန်စင်စစ် သတိလစ်သွားခြင်း၏ လက္ခဏာများကို သိရှိနားလည်ရန်အတွက် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးထားရမည်ဖြစ်ပြီး အသားစားကြက်များ အမှန်စင်စစ် သတိလစ်သွားကြောင်း သို့မဟုတ် သေသွားကြောင်း [18]သိရှိနားလည်ရန်အတွက် ထိုလက္ခဏာများကို အသုံးပြုရမည်။ စစ်ဆေးစဉ်တွင် စစ်ဆေးရေးမှူးသည် လွတ်သွားသောအသားစားကြက် မရှိစေရန် သတိလစ်စေသည့် ကိရိယာမှ ထွက်လာသော အသားစားကြက်အကောင်ရေ 500 ကို ကြည့်ရှုစစ်ဆေးရပါမည်။ လျှပ်စစ်ပေးထားသည့် ရေကန်ထဲထည့်၍ သတိလစ်အောင်လုပ်သည့်စနစ်များတွင် သတိလစ်စေသည့် ကိရိယာမှ လွတ်သွားသော အသားစားကြက် 5 ကောင်ထက် မပိုစေရ။ LAPS သို့မဟုတ် CAS တွင် အသားစားကြက်တစ်ကောင်မျှ မလွတ်စေရ

**လူသားဆန်စွာကိုင်တွယ်ခြင်းမှ ကောက်နုတ်ထားပါသည်- USDA က ထုတ်ဝေသော သတိရှိခြင်းနှင့် မူးမေ့သတိလစ်အောင်လုပ်ခြင်း*

**သတိရှိနေသောတိရစ္ဆာန်၏ လက္ခဏာများ**

- မူးမေ့သတိလစ်စေရန်ကြိုးပမ်းပြီးနောက် သတိရှိရှိရပ်နေခြင်းများ သို့မဟုတ် ဆက်လက်ရပ်နေခြင်း။
- မျက်လုံးကလိုက်ကြည့်နေခြင်း နှင့်/သို့မဟုတ် ပတ်ဝန်းကျင်ကို တုံ့ပြန်နေခြင်း။
- ကိုယ်ဟန်အနေအထား ပြန်တည့်မတ်ခြင်း။
- အော်နေခြင်း။

**သတိမရှိတော့သောတိရစ္ဆာန်၏ လက္ခဏာများ**

- မူးမေ့သတိလစ်သွားအောင်လုပ်ပြီးနောက် လဲကျခြင်းများ သို့မဟုတ် လိမ့်ကျခြင်းများ။
- မျက်လုံးကလိုက်မကြည့်နေခြင်း/ပတ်ဝန်းကျင်ကို မတုံ့ပြန်ခြင်း။
- ခေါင်းနှင့်လည်ပင်း ပျော့ခွေနေခြင်း။
- ပျော့ခွေသွားခြင်း။
- အန္တရာယ်အပေါ် တုံ့ပြန်မှု မရှိခြင်း။

**ဗို့အားနည်းသော နည်းလမ်းဖြင့် အသားစားကြက်တစ်ကောင်ကို ကောင်းစွာ မူးမေ့သတိလစ်သွားအောင်လုပ်ပြီးကြောင်း သေချာစေသည့် စိတ်အချရဆုံးလက္ခဏာတစ်ရပ်မှာ တက်သလိုတုန်ယင်နေသည့်လက္ခဏာဖြစ်သည်။ ဤအခြေအနေ၏ လက္ခဏာရပ်များမှာ-**

- ဦးခေါင်းထောင်၍ လည်ပင်းကွေးနေခြင်း။
- မျက်လုံးများပွင့်နေခြင်း။
- အတောင်ပံများက ခန္ဓာကိုယ်နှင့် ကပ်နေခြင်း။
- အမြီးက အတွင်းဘက်သို့ ခေါက်ဝင်နေခြင်း။
- ခန္ဓာကိုယ်က အဆက်မပြတ် လျင်မြန်စွာတုန်ရီနေပြီး ခြေထောက်များ တောင့်တင်းစွာ ဆန့်နေခြင်း။

**မူးမေ့သတိလစ်နေစဉ် နှလုံးရပ်သွားသည့်အခါ တက်သလိုတုန်ယင်နေသော ခန္ဓာကိုယ်အခြေအနေသည် ခဏမျှသာဖြစ်ပြီး အားပျော့သည်။ ထို့နောက် အောက်ပါလက္ခဏာများ နောက်ဆက်တွဲဖြစ်ပေါ်သည်-**

- တစ်ကိုယ်လုံး လုံးဝပျော့ခွေနေခြင်း။
- အသက်မရှူတော့ခြင်း။
- တတိယ မျက်ခွံအကြည် အလိုအလျောက် တုံ့ပြန်မှု မရှိတော့ခြင်း။
- သူငယ်အိမ် ကျယ်နေခြင်း။
- ကြက်ဖအမောက် ကျုံ့သွားခြင်း။

စစ်ဆေးစဉ်တွင် စစ်ဆေးရေးမှူးသည် တောင်ပံကျိုးသွားသည့် သို့မဟုတ် အဆစ်လွဲသွားသည့် အကောင်ရေကို အကဲဖြတ်ရန် အသားစားကြက်များကို ရေနွေးပူကန်ထဲ မထည့်မီ အကောင်ရေ 500 ကို စစ်ဆေးရမည်ဖြစ်သည်။ စစ်ဆေးရေးမှူးများသည် အမေရိကန် ကြက်ငှက်ရောဂါဗေဒ ပညာရှင်များအသင်း တိရိစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ (2017) ကထုတ်ဝေထားသည့် အောက်တွင် အကျဉ်းချုပ်ဖော်ပြထားသော တောင်ပံဒဏ်ရာအမှတ်ပေးလမ်းညွှန်ကို အသုံးပြုရမည်ဖြစ်ပါသည်။

တောင်ပံများကို အကဲဖြတ်ရာတွင် တောင်ပံများ ကျိုးနေခြင်း သို့မဟုတ် အဆစ်လွဲနေခြင်းကဲ့သို့ ဒဏ်ရာရခြင်း သို့မဟုတ် ထိခိုက်ခြင်းများကို အကဲဖြတ်ရမည်။ သတိလစ်အောင်မလုပ်မီ သို့မဟုတ် လုပ်အပြီးနှင့် အမွေးမနုတ်မီတွင် ကြက်သားထုတ်စက်ရုံတွင် တောင်ပံများကို အကဲဖြတ်ရပါမည်။ စစ်ဆေးရေးမှူးသည် အသားစားကြက်၏ ရင်အုပ်ပိုင်းနှင့် မျက်နှာမူထားသင့်ပြီး အသားစားကြက်နမူနာ အကောင်ရေ 500 တွင် တစ်ကောင်ချင်းစီ၏ တောင်ပံနှစ်ဖက်စလုံးကို စစ်ဆေးအကဲဖြတ်သင့်သည်။ မှတ်ချက်- ၎င်းသည် အသားစားကြက်များ၏ အရေအတွက်ဖြစ်ပြီး တောင်ပံတစ်ဖက်ချင်းစီ၏ အရေအတွက်မဟုတ်ပါ။ ထို့ကြောင့် အသားစားကြက်တစ်ကောင်၏ တောင်ပံ 2 ဖက်စလုံး ကျိုးနေလျှင် သို့မဟုတ် အဆစ်လွဲနေလျှင်ပင် တစ်ကောင်အဖြစ်သာ ရေတွက်ပါသည်။ ကြည့်ရှုစစ်ဆေးစဉ်တွင် တောင်ပံကျိုးနေသော သို့မဟုတ် အဆစ်လွဲနေသော အသားစားကြက် 15 ကောင်ထက် မပိုစေရပါ။

### အောင်

- တောင်ပံနှင့် ခန္ဓာကိုယ်တို့ ကပ်လျက်ရှိသည့် ပုံမှန်တောင်ပံအနေအထား။
- အဆစ်လွဲနေသော သို့မဟုတ် ကျိုးနေသောအရိုးများ မရှိခြင်း။

### ရှုံး

- တောင်ပံအနေအထား ပုံမှန်မဟုတ်ခြင်း သို့မဟုတ် အဆစ်လွဲခြင်းကြောင့် တောင်ပံစိုက်ကျနေခြင်း။
- တောင်ပံအရိုး(များ) သိသိသာသာကျိုးနေခြင်း။



*AAAP (2017) ကထုတ်ဝေသော တောင်ပံဒဏ်ရာ အမှတ်ပေးလမ်းညွှန်မှ ကောက်နုတ်ထားပါသည်။*

မှတ်ချက်- ဤအမှတ်ပေးတိုင်းတာချက်အတွက် တောင်ပံအနေအထားသည် အဓိကစံနှုန်းဖြစ်သည်။ ပုံမှန်တောင်ပံအနေအထားရှိသော အသားစားကြက်များတွင် တောင်ပံများသည် ခန္ဓာကိုယ်နှင့်ကပ်နေပြီး ရင်သားဘက်ခြမ်းမှ အနည်းငယ် ထိုးထွက်နေမည်ဖြစ်သည်။ ကျိုးနေသော သို့မဟုတ် အဆစ်လွဲနေသောတောင်ပံများကို ဖော်ထုတ်ရန် စစ်ဆေးနေစဉ်အတွင်း တောင်ပံအသွင်အပြင်နှင့် တောင်ပံအနေအထားနှစ်ခုလုံးကို မှန်မမှန်အကဲဖြတ်သင့်သည်။ အမွေးမနှုတ်မီ တောင်ပံများကို စစ်ဆေးအကဲဖြတ်သင့်သည်။

သက်ဆိုင်လျှင် သတိလစ်အောင်လုပ်ချိန်နှင့် လည်ပင်းဖြတ်ချိန်အကြား 10 စက္ကန့်ထက် ပိုမကြာစေရပါ။ စစ်ဆေးနေချိန်တွင် စစ်ဆေးရေးမှူးသည် သတိလစ်အောင်လုပ်ချိန်နှင့် လည်ပင်းဖြတ်ချိန်အကြား ကြာချိန်ကို တစ်တန်းလျှင် 3 ကောင်နှုန်းဖြင့် မှတ်တမ်းယူရမည်ဖြစ်သည်။

မေ့ကြော သွေးလွှတ်ကြောများနှင့် လည်ပင်းသွေးပြန်ကြောများကို ကိုယ်တိုင်ဖြစ်စေ၊ ကလီစာထုတ်သည့် အလိုအလျောက်စနစ်သုံး စက်ပစ္စည်းကို အသုံးပြုခြင်းဖြင့်ဖြစ်စေ ထိထိရောက်ရောက် ဖြတ်တောက်ပစ်ရပါမည်။ ခန့်အပ်ထားသော ဝန်ထမ်းက ဤဖြတ်တောက်မှုကို စစ်ဆေးရမည်ဖြစ်ပြီး လိုအပ်ပါက သွေးကြောများကို ကိုယ်တိုင်ဖြတ်တောက်ရန် ထိုဝန်ထမ်းအား အချိန်လုံလုံလောက်လောက် ပေးထားရပါမည်။ စစ်ဆေးနေချိန်အတွင်း စစ်ဆေးရေးမှူးသည် ဓားဖြင့် အလိုအလျောက်ခုတ်သည့်နေရာမှ ထွက်လာသော အသားစားကြက်အကောင်ရေ 500 ကို ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ ကြည့်ရှုစစ်ဆေးစဉ်တွင် အလိုအလျောက် မဖြတ်တောက်လိုက်မိသော အသားစားကြက်အကောင်ရေသည် 5 ကောင်ထက် မပိုစေရဘဲ လွတ်သွားသော အကောင်တိုင်းကို ထိထိရောက်ရောက် ကလီစာထုတ်ရန်အတွက် ကိုယ်တိုင်လုပ်ဆောင်နိုင်မည့် အရန်နည်းလမ်း ထားရှိရမည်။

အဓိကသွေးကြောမကြီးကို ဖြတ်တောက်ပြီးနောက် ဖြတ်တောက်ချိန်နှင့် ရေနွေးပူကန်ထဲသို့ နှစ်လိုက်ချိန်ကြားတွင် အနည်းဆုံး စက္ကန့် 90 ခန့် ခြားပေးရမည်။ စစ်ဆေးနေချိန်တွင် စစ်ဆေးရေးမှူးသည် အတန်းတစ်တန်းလျှင် အသားစားကြက် 3 ကောင်နှုန်းဖြင့် စစ်ဆေးကြည့်ရှုပြီး သွေးကြောဖြတ်တောက်ချိန်နှင့် ရေနွေးပူကန်ထဲသို့ နှစ်ချိန်ကြားတွင် စက္ကန့်မည်မျှကြာကြောင်းကို မှတ်တမ်းယူထားရပါမည်။

အမွေးနှုတ်ပြီးနောက် စစ်ဆေးရေးမှူးသည် ခြေဖဝါးရမှတ် မအောင်မြင်သည့်အကောင်ရေကို အကဲဖြတ်ရန် အသားစားကြက်အကောင်ရေ 250 ကို စစ်ဆေးကြည့်ရှုရပါမည်။ စစ်ဆေးရေးမှူးများသည် အမေရိကန် ကြက်ငှက်ရောဂါဗေဒ ပညာရှင်များအသင်း တိရိစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ (2015) က ထုတ်ဝေသည့် အောက်တွင် အကျဉ်းချုပ်ဖော်ပြထားသော အသားစားကြက်ခြေဖဝါး အမှတ်ပေးလမ်းညွှန်ကို အသုံးပြုရပါမည်။ ခြေဖဝါးအောက်ခြေကို ပိုမိုတိကျထိရောက်စွာ စစ်ဆေးနိုင်ရန် အသားစားကြက်ခြေဖဝါးများကို အကဲဖြတ်သည့်နေရာမှာ ကြက်သားထုတ်စက်ရုံ ဖြစ်သင့်သည်။ ကြည့်ရှုစစ်ဆေးရမည့် ခြေဖဝါးတွင် ခြေဖဝါးမျက်နှာပြင် (အနီဝိုင်းထားသော နေရာ) နှင့် ခြေချောင်းများ ပါဝင်သည်။ စက်ရုံတွင် ခြေဖဝါးများကို ဖယ်ရှားပြီးချိန် သို့မဟုတ် သန့်စင်ခြင်းချိန်တွင် ၎င်းတို့ကို အကဲဖြတ်သင့်သည်။ တစ်တန်းလျှင် ကျပန်းနမူနာခြေဖဝါး 500 (အသားစားကြက် အကောင် 250) ကို အကဲဖြတ်သင့်သည်။ ခြေဖဝါးတိုင်းကို စစ်ဆေးနေစဉ်တွင် အောင်မှတ် သို့မဟုတ် ရှုံးမှတ်ကို သတ်မှတ်ပေးသင့်သည်။ စစ်ဆေးစဉ်တွင် "ရှုံးမှတ်" ရရှိသော အသားစားကြက် 25 ကောင် သို့မဟုတ် ခြေဖဝါး အခု 50 ထက်မပိုစေရပါ။

### အောင်

- ပုံမှန်အသားအရောင် (အဖြူမှအဝါ)။
- အသားအရောင်ပြောင်းခြင်း သို့မဟုတ် ညိုမဲခြင်း။
- အသားမာတက်ရောဂါ (အသားအရေထူလာခြင်း)။
- ခြေဖဝါးမျက်နှာပြင်၏ ½ လောက် အနာဖြစ်နေခြင်း။



### ရှုံး



*AAAP (2015) က ထုတ်ဝေသော အသားစားကြက် ခြေဖဝါး အမှတ်ပေးစနစ်မှ ကောက်နုတ်ထားပါသည်။

- ခြေဖဝါးတစ်ဝက်ကျော်သည့်အပြင် ခြေချောင်းများတွင်ပါ ဖြစ်ပေါ်နေနိုင်သည့် အသားပဲ့ကြွေမှုများ၊ ပြည်တည်နာများ သို့မဟုတ် အသားမာတက်ခြင်းများ
- ခြေဖဝါး သွေးထွက်ခြင်းများ သို့မဟုတ် ရောင်ရမ်းခြင်း



အမွေးနှုတ်ပြီးနောက် စစ်ဆေးရေးမှူးသည် အမွေးနှုတ်သည့်နေရာမှ ထွက်လာသော အသားစားကြက်အကောင်ရေတွင် ခြေထောက်ကျိုးနေသည့် သို့မဟုတ် ထိခိုက်ပွန်းပဲ့နေသည့်အကောင်ရေကို အကဲဖြတ်ရန် အသားစားကြက်အကောင် 500 ကို စစ်ဆေးကြည့်ရှုရပါမည်။ စစ်ဆေးရေးမှူးများသည် အမေရိကန် ကြက်ငှက်ရောဂါဗေဒ ပညာရှင်များအသင်း တိရိစ္ဆာန်ပြုစုစောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ (2017) ကထုတ်ဝေပြီး အောက်တွင် အကျဉ်းချုံးဖော်ပြထားသော ခြေထောက်ဒဏ်ရာအမှတ်ပေးလမ်းညွှန်ကို အသုံးပြုရပါမည်။ ခြေထောက်ဒဏ်ရာအမှတ်ပေးခြင်းတွင် ခြေထောက်ရှိ ထိခိုက်ပွန်းပဲ့ရာများ (သွေးစုရုံ ရောင်ကိုင်းခြင်း) နှင့် အရိုးများကျိုးခြင်း ပါဝင်သည်။ ကြက်သားထုတ်စက်ရုံတွင် ကြက်အသေကောင်ကို ရေနွေးပူတွင်နှစ်ပြီးချိန်တွင်နှင့် အမွေးနှုတ်ပြီးချိန်၊ သို့သော် အအေးမခံမီတွင် ခြေထောက်များကို စစ်ဆေးအကဲဖြတ်သင့်သည်။ စစ်ဆေးရေးမှူးသည် ကြက်တစ်ကောင်လုံးကို မြင်ရစေရန် နေရာယူသင့်ပြီး အသားစားကြက်နမူနာ အကောင် 500 တွင် တစ်ကောင်ချင်းစီ၏ ခြေထောက်နှစ်ချောင်းလုံးကို စစ်ဆေးအကဲဖြတ်သင့်သည်။ မှတ်ချက်- ဤအရေအတွက်မှာ ခြေထောက်တစ်ချောင်းစီမဟုတ်ဘဲ အသားစားကြက်ကောင်ရေ အရေအတွက်ဖြစ်သည်။ ထို့ကြောင့် အသားစားကြက်တစ်ကောင်တွင် ကျိုးနေသော သို့မဟုတ် ပွန်းပဲ့နေသောခြေထောက် 2 ချောင်းရှိလျှင်ပင် အသားစားကြက်တစ်ကောင်အဖြစ်သာ ရေတွက်ပါသည်။

### အောင်



- ပုံမှန်အသားရောင်ရှိပြီး အရိုးကျိုးခြင်းမရှိပါ။
- အနည်းငယ် အရောင်ပြောင်းနေသည် သို့မဟုတ် ညိုမည်းနေသည်။
- ထိခိုက်ပွန်းပဲ့ရာမှာ လေးပုံတစ်ပုံအောက်သာ ရှိသည်။

### ရှုံး



*AAAP (2015) က ထုတ်ဝေသော အသားစားကြက် ခြေဖဝါး အမှတ်ပေးစနစ်မှ ကောက်နုတ်ထားပါသည်။

- ကျိုးနေသောခြေထောက်အရိုးသည် သိသာသည်
- ထိခိုက်ပွန်းပဲ့ရာမှာ လေးပုံတစ်ပုံထက်ပိုသည်
- ပွန်းပဲ့ရာများအမျိုးမျိုးရှိပြီး လေးပုံတစ်ပုံထက်ပိုသည်

မှတ်ချက်- ပွန်းပဲ့ရာများနှင့် ခြေထောက်ထိခိုက်မှုများသည် အသားစားကြက်၏ ပေါင်နှင့် ဒူးဆစ်ပိုင်းတွင် ဖြစ်ပွားနိုင်သည်။ ဖမ်းခြင်း၊ သယ်ယူခြင်းနှင့် သံခြေချင်းချိတ်စဉ်တွင် မမှန်မကန်ကိုင်တွယ်မှုကြောင့် ပွန်းပဲ့ဒဏ်ရာဖြစ်သွားသည့် အရောင်သည် ပုံမှန်အားဖြင့် အနီရောင် သို့မဟုတ် ခရမ်းရောင်ဖြစ်သည်။ ပွန်းပဲ့ဒဏ်ရာများ အရောင်ပြောင်းခြင်းအတွက် လမ်းညွှန်ချက် (Gregory et al., 1992) ကို အောက်တွင်ဖော်ပြထားပါသည်။

| ပွန်းပဲ့ဒဏ်ရာဖြစ်ခဲ့သည့် ခန့်မှန်းကြာချိန် | ပွန်းပဲ့ဒဏ်ရာ၏အရောင် |
|---|---|
| 2 မိနစ် | အနီ |
| 12 နာရီ | အနီရင့်/ခရမ်း |
| 24 နာရီ | အစိမ်းဖျော့/ခရမ်း |
| 48 နာရီ | အဝါ/လိမ္မော်/ခရမ်းဖျော့ |

# ရည်ညွှန်းချက်များ


1. American Veterinary Medicine Association (AVMA). 2020. AVMA Guidelines for the Euthanasia of Animals. https://www.avma.org/sites/default/files/2020-02/Guidelines-on-Euthanasia-2020.pdf

2. National Chicken Council (NCC). 2022. National Chicken Council Animal Welfare Guidelines and Audit Checklist for Broilers. https://www.nationalchickencouncil.org/wp-content/uploads/2023/01/NCC-Broiler-Welfare-Guidelines_Final_Dec2022-1.pdf

3. Federation of Animal Science Societies (FASS). 2020. FASS Guide for the Care and Use of Agricultural Animals in Research and Teaching. 4th Edition.

4. Department for Environment Food and Rural Affairs (DEFRA). 2002.Code of Recommendations for the Welfare of Livestock – Meat Chickens and Breeding Chickens. https://www.gov.uk/government/uploads/system/uploads/attachment_data/file/69372/pb7275meat-chickens-020717.pdf

5. Kang, S. W., K. D. Christensen, D. Aldridge, and W. J. Kuenzel. 2020. Effects of light intensity and dual light intensity choice on plasma corticosterone, central serotonergic and dopaminergic activities in birds, Gallus gallus. General and comparative endocrinology, 285: 113289.

6. Kang, S. W., K. D. Christensen, M. T. K. Jr, and S. K. Orlowski. 2024. Effects of Environmental Enrichments on Welfare and Hepatic Metabolic Regulation of Broiler Chickens. Animals, 14: 14040557.

7. Kang, S. W., K. D. Christensen, M. T. K. Jr, S. K. Orlowski, and J. Clark. 2023. Effects of a variable light intensity lighting program on the welfare and performance of commercial broiler chickens. Frontiers in Phys. 14: 1059055.

8. American Veterinary Medical Association (AVMA). 2001. AAAP guidelines for judicious therapeutic use of antimicrobials in poultry. https://www.avma.org/resources-tools/avma-policies/aaap-guidelines-judicious-therapeutic-use- antimicrobials-poultry

9. Bilgili, S. F., J. B. Hess, J. P. Blake, K. S. Macklin, B. Saenmahayak, and J. L. Sibley. 2009. Influence of bedding material on footpad dermatitis in broiler chickens. Poultry Sci. 18:583-589. doi: 10.3382/japr.2009-00023

10. Shepherd, E. M., and B. D. Fairchild. 2010. Footpad dermatitis in poultry. Poultry Sci. 89:2043-2051. doi: 10.3382/ps.2010-00770.

11. Estévez, I. 2007. Density Allowances for Broilers: Where to Set the Limits? Poultry Sci. 86:1265-1272. doi.org/10.1093/ps/86.6.1265

12. De Jong, I., C. Berg, A. Butterworth, and I. Estevéz. 2012. Scientific report updating the EFSA opinions on the welfare of broilers and broiler breeders. EFSA Supporting Publications 9(6).

13. Riber, A.B., H. A. van de Weerd, I. C. de Jong, and S. Steenfeldt. 2018. Review of environmental enrichment for broiler chickens. Poultry Sci. 97:378–396. doi.org/10.3382/ps/pex344.

14. Mack, L.A., J. N. Felver-Gant, R. L. Dennis, and H. W. Cheng. 2013. Genetic variations alter production and behavioral responses following heat stress in 2 strains of laying hens. Poultry Sci. 92:285–294.

15. Mahmoud, U. T., M. A. M. Abdel-Rahman, M. H. A. Darwish, T. J. Applegate, and H. Cheng. 2015. Behavioral changes and feathering score in heat stressed broiler chickens fed diets containing different levels of propolis. Applied Anim. Behav. Sci. 166:98-105.

16. Webster, A. B., B. D. Fairchild, T. S. Cummings, and P. A. Stayer. 2008. Validation of a three-point gait-scoring system for field assessment of walking ability of commercial broilers. J. of Applied Poultry Res. 17(4):529-539.

17. Che, S., L. Weber, A. Novy, S. Barbut, and L. Susta. 2023. Characterization of dorsal recumbency syndrome associated with woody breast in broiler flocks from Ontario, Canada. Poultry Sci. 102:102307.

18. Humane Handling: Consciousness and Stunning. United States Department of Agriculture. https://www.fsis.usda.gov/sites/default/files/media_file/2021-07/Humane-handling-Consciousness-and-Stunning-20210406.pdf.

# ထပ်ဆောင်း ရည်ညွှန်းချက်များ


BenSassi, N., J. Vas, G. Vasdal, X. Averós, I. Estévez, and R. C. Newberry. 2019. On-farm broiler chicken welfare assessment using transect sampling reflects environmental inputs and production outcomes. PLoS One 14(4): e0214070.

BenSassi N., X. Averós, and I. Estevez. 2019. The potential of the transect method for early detection of welfare problems in broiler chickens. Poultry Sci. 98:522–532.

Council of the European Union, n.d. Council Directive 2007/43/EC laying down minimum rules for the protection of chickens kept for meat production. https://eurlex.europa.eu/eli/dir/2007/43/oj (accessed 4.29.19).

Buijs, S., B. Ampe, and F. A. M. Tuyttens. 2017. Sensitivity of the Welfare Quality® broiler chicken protocol to differences between intensively reared indoor flocks: which factors explain overall classification?. Animal 11(2): 244-253.

Grandin, T. 2010. Animal Welfare Audits for Cattle, Pigs, and Chickens that use the HACCP Principles of Critical Control Points with Animal Based Outcome Measures. www.grandin.com/welfare.audit.using.haccp.html

Grandin, T. and North American Meat Institute Animal Welfare Committee. 2021. Recommended animal handling guidelines & Audit guide: a systematic approach to animal welfare. https://www.meatinstitute.org/sites/default/files/original%20documents/Animal_Handling_Guide_English.pdf

ISO, 2016. Technical Specification 34700: Animal welfare management- General requirements and guidance for organizations in the food supply chain No. 34700. ISO Copywrite office, Geneva, Switzerland.

Jacobs, L., E. Delezie, L. Duchateau, K. Goethals, and F. A. M. Tuyttens. 2017. Broiler chickens dead on arrival: associated risk factors and welfare indicators." Poultry science 96(2): 259-265.

Kittelsen, K.E., B. David, R. O. Moe, H. D. Poulsen, J. F. Young, and E. G. Granquist. 2017. Associations among gait score, production data, abattoir registrations, and postmortem tibia measurements in broiler chickens. Poultry Sci. 96(5):1033-1040.

Lourenço da Silva, M. I., I. C. Almeida Paz, G. H. Chaves, I. C. Almeida, C. C. Ouros, S. R. Souza, E. L. Milbradt, F. R. Caldara, A. J. Satin, G. A. Costa, and A. S. Glavina. 2021. Behaviour and animal welfare indicators of broiler chickens housed in an enriched environment. Plos one, 16(9):e0256963.

Royal Society for the Prevention of Cruelty to Animals (RSPCA). 2011. RSPCA Welfare Standards for Chickens. http://science.rspca.org.uk/sciencegroup/farmanimals/standards/chickens

United Egg Producers (UEP). 2022. Fire Prevention and Mitigation. https://unitedegg.com/wp-content/uploads/2022/02/Fire-Mitigation-Report-300dpi-Final-2.3.2022.pdf.

van der Eijk, Jerine AJ, Jan van Harn, Henk Gunnink, Stephanie Melis, Johan W. van Riel, and Ingrid C. de Jong. "Fast-and slower-growing broilers respond similarly to a reduction in stocking density with regard to gait, hock burn, skin lesions, cleanliness, and performance." Poultry Science 102, no. 5 (2023): 102603.